မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၆)၊ အမှတ်(၀၃၉)

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။ ပဏ္ဏိတဝဂ်(ဓမ္မပဒ-၇၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)နှင့် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေပြည်သာမြို့နယ်၌ ခေတ်မီပန်းခြံနှင့် မြို့နယ်အားကစားကွင်းတည်ဆောက်နိုင်ရေး လျာထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) နှင့် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ အတွင်း

စာမျက်နှာ ၃ ကော်လံ ၁ ❐

အဝေးသင်ပညာရေးစနစ် ပိုမိုကောင်းမွန်ရေးအတွက် သင်ကြားရေးနှင့် မေးခွန်းပုံစံများ စနစ်တကျပြောင်းလဲဆောင်ရွက်မည်

ရန်ကုန် နိုဝင်ဘာ ၇

အဝေးသင်ပညာရေးစနစ် ပိုမိုကောင်းမွန်ရေးအတွက် သင်ကြားရေးနှင့် မေးခွန်းပုံစံများ စနစ်တကျပြောင်းလဲဆောင်ရွက်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အစည်းအဝေးခန်းမ၌ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံစဉ်ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●



ကျောင်းသား ကျောင်းသူများ တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာဓလင်းများ၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူကျွန်မဆံတွန်းလုန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလများတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ် ပေးဆပ်မှုများဖြင့် အားထုတ် ကြိုးပမ်းခဲ့ကြသည့်

စာမျက်နှာ ၄ ကော်လံ ၁ ○

ဘားအံစက်မှုဇုန်မှထွက်ရှိသော ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက် နေရာဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

ဘားအံစက်မှုဇုန်မှထွက်ရှိသော ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက် နေရာဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ထုတ်ကုန်များကို သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘားအံစက်မှုဇုန်ရှိ စက်မှုစီးပွားဂရန်ချထားရန် ကျန်ရှိသော မြေကွက်များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံစက်မှုဇုန်အစည်းအဝေးခန်းမ၌ ဘားအံစက်မှုဇုန်ရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် စက်မှုနှင့်အသေးစား၊အလယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

ယနေ့ ဖတ် စ ရာ

အဖိုးတန်ရေ ခြိုးခြံချွေတာ ကျင့်ဝတ် — ဆောင်းပါး စာ ၆

လူငယ်နှင့် လုပ်ငန်းခွင်ဆိုင်ရာ — ဆောင်းပါး စာ ၁၀

တရုတ်အာကာသစခန်းသို့ ပထမဆုံး နိုင်ငံခြားသားအာကာသယာဉ်မှူး လိုက်ပါမည် — နိုင်ငံတကာသတင်း စာ ၂၂

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးပိုလာနိုင်

နေပြည်တော် နိုဝင်ဘာ ၇

နိုဝင်ဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် မိုးပိုလာနိုင်သည်။ မိုး/၈လ

ထူးခြားသည့် နေ့အပူချိန်များ (၇-၁၁-၂၀၂၆)

ချောက်မြို့	၃၇	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်းမြို့	၃၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
မြင်းမူမြို့	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
မန္တလေးမြို့	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မြင်းခြံမြို့	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ညောင်ဦးမြို့	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်

သဲကုန်းမြို့နယ်၌ စူပါအယ်လ်နီညို အန္တရာယ်နှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးအသိပညာပေး

သဲကုန်း နိုဝင်ဘာ ၇

သဲကုန်းမြို့နယ် စူပါအယ်လ်နီညိုအန္တရာယ်နှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၅ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်အေးစမ်းက မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာပြည်သူများအား စူပါအယ်လ်နီညိုရောသီဥတုဖြစ်စဉ်နှင့်ပတ်သက်သော အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားလာနိုင်သော ကျန်းမာရေးပြဿနာများ၊ ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးအသိပညာများ ဟောပြောပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းအပူရှောင်စခန်း ၂၁ ခု ဖွင့်လှစ်ပေးခြင်း၊ အပူဒဏ်ကြောင့် ရောက်ရှိလာသောလူနာများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်း၊ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်သတိပေးလိုက်လံနှိုးဆော်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်သို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အထက(၁)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ထိုသို့ သွားရောက်လေ့လာစဉ် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများ စသည့်အကြောင်း အရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အေးမင္ဂုဏ်

၇ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၅၉၃၅၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂ၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၀၅	၄၆၁၅	၄၅၇၅	၄၆၀၅	၄၇၀၀	၄၇၃၅	၄၆၁၅	၄၉၈၀	၅၀၁၀	၄၆၁၅	၄၇၉၀	၄၇၂၅	၄၆၀၅	၄၆၀၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၁၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၀၅	၄၇၅၀	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (500 ppm)	၄၅၅၅	၄၇၀၅	၄၆၅၅	၄၅၇၀	၄၇၁၀	၄၇၂၀	၄၇၄၅	၄၆၄၀	-	၅၁၂၀	၄၆၅၅	၅၂၂၀	၄၇၄၅	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (50 ppm)	၅၀၂၀	၅၀၆၅	၅၀၂၂	၅၀၄၅	၅၀၆၀	၅၀၆၅	၅၀၇၂	၅၀၆၅	၅၃၉၅	၆၀၀၅	၅၀၂၂	၅၁၀၀	၅၀၇၅	၅၀၆၅	၅၀၆၅	၅၃၄၅
HSD (10 ppm)	၅၀၂၀	၅၀၆၅	၅၀၂၂	၅၀၄၅	၅၀၆၀	၅၀၆၅	၅၀၇၂	၅၀၆၅		၆၀၀၅	၅၀၂၂	၅၁၀၀	၅၀၇၅	၅၀၆၅	၅၀၆၅	၅၃၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတာပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်းသတင်းထောက်	-	ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းမှူး	-	ခင်ရတနာ			
စာတည်းများ	-	ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
ဘာသာပြန်စာတည်း	-	ခြူးစန်ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုဖို့အေးနှင့် ခွဲ.ဖွန်တို့အဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့်အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့	စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀။ Fax ၀၁-၅၄၄၆၂၂၀။ ၀၆၇-၃၆၁၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

အပြန်အလှန် နားလည်လေးစား ချစ်ကြည်ရင်နှီးစွာ ယှဉ်တွဲနေထိုင်

ကမ္ဘာပေါ်ရှိ ကိုးကွယ်ရာဘာသာတရားများ၏ အနှစ်သာရမှာ လူသားတို့အား ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊ စိတ်ဓာတ်မြင့်မားလာစေရန်နှင့် ဘဝ၏ဆင်းရဲဒုက္ခများမှ လွတ်မြောက်ရာလမ်းသို့မဟုတ် ငြိမ်းချမ်းမှုကိုရှာဖွေတွေ့ရှိစေရန် ညွှန်ပြပေးခြင်းပင် ဖြစ်သည်။ ဘာသာတရားအားလုံးက လူသားများကို အကောင်းဆုံးသော လူသားတစ်ယောက်အဖြစ် ရှင်သန်နေထိုင်ရန်နှင့် လူ့အဖွဲ့အစည်းအကျိုးကိုသယ်ပိုးရန် အဓိကသွန်သင်ဆုံးမကြသည်။

ဘာသာအသီးသီးတွင် ကျင့်စဉ်နှင့် ယုံကြည်ချက်တို့ မတူကွဲပြားကြသော်လည်း ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ သူတစ်ပါး၏ အသက်ကို မသတ်ရန်၊ သူ့ဥစ္စာကို ခိုးယူခြင်းမပြုရန်၊ လိမ်ညာခြင်း မပြုရန်၊ အိမ်ထောင်ရေးဖောက်ပြန်မှုမလုပ်ရန်၊ ရိုးသားဖြောင့်မတ်ရန် သွန်သင်ဆုံးမကြရာတွင်လည်းကောင်း၊ လူအချင်းချင်းမေတ္တာ၊ ကရုဏာထားရှိရန်နှင့်ပတ်သက်၍ ရန်ငြိုးဖွဲ့ခြင်း၊ မနာလိုခြင်းနှင့် အမုန်းတရားများကိုစွန့်လွှတ်ပြီး လူသားအချင်းချင်းအပေါ် နားလည်ခွင့်လွှတ်မှု၊ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာထားရှိရန်၊ ဆင်းရဲဒုက္ခရောက်နေသူများ၊ နှမြော်ပါးသူများနှင့် အကူအညီလိုအပ်နေသူများကို ပေးကမ်းစွန့်ကြဲရန်နှင့် ကူညီဖေးမရန် လမ်းညွှန်ရာတွင်လည်းကောင်း တူညီကြသည်။

ထို့အပြင် မိမိ၏ စိတ်အလိုရမ္မက်၊ ဒေါသနှင့် မာန်မာနများကို လျှော့ချကာ စိတ်ရှည်သည်းခံတတ်စေရန်နှင့် ရောင့်ရဲတင်းတိမ်တတ်စေရန်၊ ဆုတောင်းခြင်း၊ တရားဘာဝနာပွားများခြင်း စသည့် နည်းလမ်းများဖြင့် စိတ်ကိုတည်ငြိမ်စေပြီး ဘဝအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် စိတ်ဓာတ်ခွန်အားများကိုလည်း ဘာသာတရားတို့က လူသားတို့အား တူညီစွာပေးကြသည်။ သို့ဖြစ်ရာ ဘာသာတရားများကြားတွင် အပေါ်ယံမတူကွဲပြားမှုတို့ကို အကြောင်းပြု၍ လူ့အဖွဲ့အစည်းအတွင်း ဆန့်ကျင်မှု၊ ခြားနားမှုမှသည် ဝိရောဓိများ၊ ပဋိပက္ခများမဖြစ်စေဘဲ အပြန်အလှန်နားလည်လေးစားမှုဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြဖို့ လိုသည်။

“မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုပေါင်းစုံ၊ ဘာသာသာသနာပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းပေါင်းစုံတို့ အတူတကွ ဖွံ့တိုင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မတူကွဲပြားသည့် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအစဉ်အလာများကို အပြန်အလှန် နားလည်လေးစားပြီး ချစ်ကြည်ရင်နှီးစွာ အတူယှဉ်တွဲနေထိုင်ခြင်းသည် နိုင်ငံတော်၏ လူမှုအသိုက်အဝန်း စည်းလုံးညီညွတ်ရေးနှင့် ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အလွန်အရေးကြီးသည့် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း” နိုဝင်ဘာ ၆ ရက်က ကျင်းပသည့် မြန်မာနိုင်ငံတွင် ဓိတင်းနေထိုင်ကြသော ဟိန္ဒူမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ အခန်း (၈)၊ ပုဒ်မ ၃၆၂ တွင် “နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ကိုးကွယ်ရာဘာသာသာသနာများဟူ၍ အသိအမှတ်ပြုသည်” ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၆၃ တွင် “နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်” ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံသူနိုင်ငံသားတို့၏ ယုံကြည်ကိုးကွယ်မှုကို လွတ်လပ်စွာခွင့်ပြုထားသည်နှင့်အညီ မိမိတို့၏ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဥမင်ကွဲသိုက်မပျက် တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဘာသာသာသနာတို့၏ အဆုံးအမနှင့်အညီ နေထိုင်ကြရန်လိုသည်။

ယခုအခါ မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းကို တည်ငြိမ်အေးချမ်းမှု ကင်းမဲ့စေရန်၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ကိုးကွယ်သည့်ဘာသာတရားတစ်ခုနှင့်တစ်ခုတို့ကြားတွင် မုန်းတီးမှုများ၊ တင်းမာမှုများ၊ ပဋိပက္ခများဖြစ်လာစေရန် မသမာသူများက အဖျက်အမှောင့် နည်းအမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်နေကြသည်များကို နေ့စဉ်ဆိုသလို တွေ့မြင်နိုင်သည်။ အထူးသဖြင့် လူမှုကွန်ရက်များတွင် အများအပြား တွေ့ရှိနိုင်ရာ ဘာသာရေးကိုအကြောင်းပြု၍ မုန်းတီးမှုများ ဖြစ်ပေါ်မလာစေရန် သတိပြုရှောင်ရှားကြရမည် ဖြစ်သည်။

ကိုးကွယ်ရာဘာသာတရားအသီးသီးတို့က လူသားတို့အား “မကောင်းမှုဟူသမျှကို မပြုလုပ်ရန်၊ ကောင်းမှုဟူသမျှကို ပြုလုပ်ကြရန်၊ မိမိတို့၏စိတ်နှလုံးကို ဖြူစင်သန့်ရှင်းအောင် ဆောက်တည်ကြရန်” ဆုံးမသွန်သင်ထားကြခြင်းဖြစ်ရာ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာသာသနာတို့၏ အဆုံးအမနှင့်အညီ လူ့ဘောင်လောကဓာတ် ပျက်စီးရာပျက်စီးကြောင်းတို့ကို ရှောင်ကြဉ်ကြကာ လူ့ဘောင်လောက ကောင်းရာကောင်းကျိုးအတွက် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသော အပြုအမူတို့ဖြင့် သယ်ပိုးထမ်းရွက်ကြရပါမည့်အကြောင်း။ ။

❐ ရွှေဖိုးမှ

မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ရန်ကုန်နည်းပညာတက္ကသိုလ်၏ အဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ စာသင်ဆောင်၊ အိပ်ဆောင်၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများ၊ အားကစားကွင်းနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရန်ကုန်နည်းပညာတက္ကသိုလ်ပုံစံငယ်အား ကြည့်ရှုစစ်ဆေးပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တက္ကသိုလ်အစည်းအဝေးခန်းမ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်နည်းပညာတက္ကသိုလ်၏ သမိုင်းအကျဉ်း၊ သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ ခန့်အပ်ထားရှိမှုနှင့် ပညာသင်နှစ်များအလိုက် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှု၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် အိပ်ဆောင်များ လိုအပ်လျက်ရှိမှု၊ အားကစားရုံနှင့် အားကစားကွင်းများတွင် ကျောင်းသား ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်လျက်ရှိမှု၊ တက္ကသိုလ်အတွက် အပန်းဖြေရိပ်သာ (RC) အဆောက်အအုံလိုအပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်းများ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် ဝင်ထွက်လမ်းများ စနစ်တကျဖြစ်စေရေးနှင့် ကျောင်းသား ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် အားကစားပွဲများကို ပုံစံတကျကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ RC အဆောက်အအုံတည်ဆောက်ရာတွင် ကျောင်းသား ကျောင်းသူများ သွားလာမှုလွယ်ကူသည့်နေရာကို ရွေးချယ်၍ တွက်ချက်တည်ဆောက်သွားရန်၊ ခေတ်နှင့် လျော်ညီသည့် အဆောက်အအုံပုံစံဖြစ်စေရေး စနစ်တကျဒီဇိုင်းကြိုတင်ရေးဆွဲ တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် Myanmar Japan Technological Development Centre – 1 အတွင်းရှိ ဓာတ်ခွဲခန်းများအတွင်း စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ RC အဆောက်အအုံတည်ဆောက်ရန် လျာထားမြေနေရာနှင့် Myanmar Japan Technological Development Centre – 2 အတွင်းရှိ သစ်သား၊ သံ၊ သတ္တု၊ ကွန်ကရစ်၊ မြေသား စသည့် ဒြပ်ထုများ၏ ခံနိုင်ရည်စမ်းသပ်ခန်းများအတွင်း လက်တွေ့ဆောင်ရွက်နိုင်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) ၌ Myanmar Japan Technological Development Centre – 2 အတွင်းရှိ သစ်သား၊ သံ၊ သတ္တု၊ ကွန်ကရစ်၊ မြေသား စသည့် ဒြပ်ထုများ၏ ခံနိုင်ရည်စမ်းသပ်ခန်းများအတွင်း လက်တွေ့ဆောင်ရွက်နိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

- ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ တန်းစဉ် ကူးပြောင်းမှုများ မြင့်မားလာစေရေးအပါအဝင် လပတ်စာမေးပွဲ မှန်ကန်စွာပြုလုပ်ရေး၊ အပတ်စဉ် စာကျက်ဖတ်မှုများ စိစစ်ရေးနှင့် ပညာရေးကို အားပေးဆောင်ရွက်သွားရန်လို
- စက်မှုကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုပေးထားသည့်စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်မှုမြင့်မားစေရေး၊ အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် စက်ရုံများလည်ပတ်နေရန်နှင့် အလုပ်သမားဆိုင်ရာ အခွင့်အရေးများ ရရှိရေး၊ စည်းကမ်းစနစ်တကျ အလုပ်လုပ်ကိုင်နိုင်ရေး စိစစ်ဆောင်ရွက်
- ဒေသတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာဖူလုံစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လှုဦးရေအချိုးနှင့် အညီ တွက်ချက်၍ စဉ်ဆက်မပြတ်ထုတ်လုပ်မှုဖြစ်စေရေး ဆောင်ရွက်သွားရန် လိုအပ်သည်ကိုစွဲရပ်များ

ယင်းနောက် တက္ကသိုလ်အားကစားကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းအဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၈) ရပ်ကွက် ကျန်စစ်သားလမ်းနှင့် အင်းဂလိုင်ချောင်းဘေးရှိ အဆိုပြုမြေနေရာနှင့် အမှတ်(၁၅)ရပ်ကွက် ကနောင်မင်းသားကြီးလမ်းဘေးရှိ အဆိုပြုမြေနေရာတို့၌ လှိုင်သာယာမြို့နယ် ဘောလုံးကွင်းတည်ဆောက်နိုင်ရေး လျာထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် လှိုင်သာယာမြို့နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းများ စနစ်တကျဖြစ်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး၊ သန့်ရှင်းသာယာလှပရေးတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ်၊ အမှတ်(၃၄) မြေတိုင်းရပ်ကွက် စက်မှုဒေသလမ်းမကြီး ပုသိမ်လမ်းနှင့် ပဲခူးတိုက်နှံလမ်းတို့အကြားရှိ မြေနေရာနှင့် အမှတ်(၃၁) မြေတိုင်းရပ်ကွက် ပြည်ထောင်စုလမ်း၊ စံပယ်လမ်းနှင့် စက်မှုလမ်းသွယ်တို့အကြားမြေနေရာတို့၌ ခေတ်မီပန်းခြံနှင့် မြို့နယ်အားကစားကွင်းတည်ဆောက်နိုင်ရေး လျာထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် နိုင်ငံအတွင်းရှိ မြို့ရွာများအားလုံး၌ မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေနေရာများကိုလည်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်မှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များ၊ မြို့များ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စနစ်တကျစိုက်ပျိုးစေရေး၊ လေဝင်လေထွက်ကောင်းမွန်ပြီး ကျန်းမာရေးနှင့်ညီညွတ်မှုတသည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် စည်းကမ်းဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များ။

ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ တန်းစဉ် ကူးပြောင်းမှုများ မြင့်မားလာစေရေးအပါအဝင် လပတ်စာမေးပွဲမှန်ကန်စွာပြုလုပ်ရေး၊ အပတ်စဉ်စာကျက်ဖတ်မှုများ စိစစ်ရေးနှင့် ပညာရေးကို အားပေးဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုပေးထားသည့် စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်မှုမြင့်မားစေရေး၊ အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် စက်ရုံများလည်ပတ်နေရန်နှင့် အလုပ်သမားဆိုင်ရာ အခွင့်အရေးများရရှိရေး၊ စည်းကမ်းစနစ်တကျ အလုပ်လုပ်ကိုင်နိုင်ရေး စိစစ်ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များ၊ ဒေသတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာဖူလုံစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လှုဦးရေအချိုးနှင့် အညီ တွက်ချက်၍ စဉ်ဆက်မပြတ်ထုတ်လုပ်မှုဖြစ်စေရေး ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီး လျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်း ဆေးကြောပါ။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။

❖ *ကျောဖုံးမှ*

ဦးစွာ ဒုတိယသမ္မတသည် နေပြည်တော် သုခသိဒ္ဓိရပ်ကွက် အကွက်အမှတ်(၈-က)ရှိ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ထမ်းအိမ်ရာသစ်များ ဆောက်လုပ်ရေးနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နေပြည်တော်ရှိ နိုင်ငံဝန်ထမ်းများသည် မန္တလေး ငလျင်ကြီးဒဏ် စတင်ခံစားရသည့်အချိန်က နိုင်ငံဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှုများကြောင့် နေထိုင်ရေးအတွက် များစွာခက်ခဲခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတက နိုင်ငံဝန်ထမ်းများနေထိုင်ရေးအတွက် အဆောက်အအုံများကို အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း စသည်တို့ကို မူလကထက် ပိုမိုပြည့်စုံကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ပေးရန်နှင့် အချိန်မီပြီးစီးအောင် လမ်းညွှန်မှာကြားထားပါကြောင်း၊ ထို့ကြောင့် အသစ်တည်ဆောက်သည့် ဝန်ထမ်းအိမ်ရာများနှင့် ပြန်လည်ပြုပြင်မည့် ဝန်ထမ်းအိမ်ရာများအားလုံးကို သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အရည်အသွေးပြည့်ဝစွာဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဂံမြင့်သန်း၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်နှင့် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်တို့က မန္တလေးငလျင်ကြီးဒဏ်ကြောင့် နေပြည်တော်ကောင်စီ၏ ခရိုင်နှင့် မြို့နယ်အလိုက် နိုင်ငံပိုင်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကိုလည်းကောင်း၊ ပြန်လည်ပြုပြင်ပြီးစီးမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်လည်အပ်နှံနိုင်မှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိမှုအခြေအနေများကိုလည်းကောင်း၊ အလုံးစုံပြုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများအစား အကွက်အမှတ်အလိုက် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာသစ်များ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့် သတ်မှတ်ကာလ အတွင်း ပြီးစီးမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အကွက်အမှတ်(၈-က)ရှိ လေးခန်းတွဲလေးထပ် အမှုထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ အခန်းဖွဲ့စည်းမှုနှင့် တိုက်အလိုက် ရေစုကန်နှင့် ရေမော်တာများတပ်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ အကွက်အမှတ်(၃)ရှိ လေးခန်းတွဲလေးထပ် အရာထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှုနှင့် အခန်းဖွဲ့စည်းမှုအခြေအနေများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဓနသိဒ္ဓိရပ်ကွက်ရှိ ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများနှင့် သက်ဆိုင်ရာဌာနမှ ဝန်ထမ်းများ ပြန်လည်နေထိုင်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖြည့်စွက်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

● ***အဝေးသင်ပညာရေးစနစ်မှ***

ထို့ပြင် သင်ကြားရေးနှင့် စပ်လျဉ်း၍ အဝေးသင်ပညာရေးစနစ် ပိုမိုကောင်းမွန်စေရေး အတွက် အလုပ်ရုံဆွေးနွေးပွဲ (Workshop)များ ကျင်းပ၍ သင်ကြားရေးစနစ်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဝေးသင်စနစ်သင်ကြားရေးတွင် ဝိဇ္ဇာဘာသာရပ်များအတွက်(Assignment) နှစ်ကြိမ် ပြုလုပ်ရမည်ဖြစ်ရာ ပထမတစ်ကြိမ်ကို သတ်မှတ်ထားသည့် အချိန်အတိုင်း ပုံမှန်တင်သွင်းရမည်ဖြစ်ပြီး ဒုတိယတစ်ကြိမ်ကို ကျောင်းသို့ လူကိုယ်တိုင် လာရောက် အတန်းတက်ရောက်၍ သင်ယူမှုနှင့်အတူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ အဝေးသင်ကျောင်းသား ကျောင်းသူများ အနီးကပ်သင်တန်း သင်ကြားပို့ချနေမှု၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ဘောလုံးအားကစားကွင်း အကြီးစားပြင်ဆင်နေမှု၊ မိတာ ၄၀၀ ပြေးလမ်း ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ရန်ကုန်အဝေးသင်တက္ကသိုလ်၌ အဝေးသင်ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❍ ***ရှေ့ဖုံးမှ***

တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို သိရှိလေ့လာ မှတ်သားနိုင်စေရန် ပြည်ထောင်စုနယ်မြေ နေပြည်တော် အလက(မင်္ဂလာဇေယျာ)၊ အလကခွဲ(ပေါင်းလောင်း)၊ အလကခွဲ(တပ်မတော်)၊ ပညာဥယျာဉ်နန်း ကိုယ်ပိုင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်ငါးမြို့နယ်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ နှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ၂၈ ဦးတို့သည်လည်း ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်ကိုနှင့် နေပြည်တော်ရှိအထင်ကရနေရာများကို သွားရောက်လေ့လာကြသည်။

"အခု လေ့လာရေးခရီးစဉ်က ကျောင်းသား ကျောင်းသူတွေအတွက် အသိပညာ၊ ဗဟုသုတတွေ ရရှိစေတဲ့အပြင် မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်ပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တွေ ပိုမိုဖြစ်ထွန်းလာစေပါတယ်။ နိုင်ငံ့အနာဂတ်ကို ပုံဖော်ထုဆစ်ကြမယ့် ကျောင်းသား ကျောင်းသူ လူငယ်တွေအနေနဲ့ မြန်မာ့နိုင်ငံ လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်ခဲ့ကြတဲ့ သမိုင်းကြောင်းတွေကနေစပြီး ဒီနေ့ အချိန်အခါမှာ နိုင်ငံ့ခေါင်းဆောင်တွေ၊ တာဝန်ရှိသူတွေအနေနဲ့ အကောင်းဆုံးကြိုးစားဆောင်ရွက်နေတာကို နားလည် သဘောပေါက်စေမှာ ဖြစ်ပါတယ်။ လက်တွေ့မှာလည်း အသိအမြင်ဗဟုသုတတွေ အများကြီးရရှိတဲ့အတွက် အခုလို ကျောင်းသား ကျောင်းသူတွေ လေ့လာနိုင်အောင် စီမံဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု အောင်မြေသာစံ မြို့နယ် အမှတ်(၁၄) အထက(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမိုးမိုးက ပြောကြားသည်။

ထိုသို့လေ့လာရာတွင် ပြတိုက်တာဝန်ရှိသူများက တပ်မတော်(ကြည်း)ပြခန်း၊ တပ်မတော်(ရေ) ပြခန်း၊ တပ်မတော်(လေ)ပြခန်းများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ပြကွက်များ ခင်းကျင်းပြသထားရှိမှုကို လိုက်လံရှင်းလင်းပြသရာကျောင်းသားကျောင်းသူများက သိရှိလိုသည့်များကို မေးမြန်းဆွေးနွေးကြသည်။

"ပထမဆုံးအနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာတဲ့အခါမှာ ရှေးမြန်မာမင်းတွေရဲ့ အကြောင်း၊ သူ့ကျွန်မခံဘဲ တွန်းလှန်ခဲ့ကြတဲ့ မျိုးချစ်သူရဲကောင်းတွေအကြောင်း၊ မျိုးချစ်တပ်မတော်သားတွေအကြောင်းကို စေ့စေ့စုံစုံ လေ့လာသိရှိခွင့်ရတယ်။ အခုလို လေ့လာရေးခရီးစဉ်ကနေ ကျွန်မတို့ ကျောင်းသားလူငယ်တွေအနေနဲ့ သမိုင်းကြောင်းတွေကို လေ့လာသိရှိခွင့်ရခဲ့သလို လက်ရှိမှာလည်း တပ်မတော်အနေနဲ့ နိုင်ငံတော်အတွက် အကောင်းဆုံး ကြိုးစားနေတယ်ဆိုတာကိုလည်း သိရှိနားလည်ခွင့်ရတယ်။ ဒီလိုလေ့လာသိရှိနိုင်အောင် လေ့လာရေးခရီးစဉ်ဆောင်ရွက်ပေးကြတဲ့ ဆရာ ဆရာမတွေ၊ အကြီးအကဲတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့လို ကျောင်းသားလူငယ်တွေအနေနဲ့ ဒီလို လေ့လာရေးခရီးစဉ်တွေ သွားရောက်လေ့လာမှလည်း အသိအမြင်၊ ဗဟုသုတတွေ တိုးပွားရရှိမှာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ မဆုဝေသဇင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးမှကျောင်းသားကျောင်းသူ လေ့လာရေးအဖွဲ့များသည် National Landmark အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ မြန်မာနိုင်ငံ အတွင်းရှိ ထင်ရှားသော သမိုင်းဝင်အဆောက်အအုံများ၊ တန်ခိုးကြီးဘုရားစေတီပုထိုးများ ပုံစံငယ် တည်ဆောက်ထားရှိမှု၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆောက်အအုံများ၊ အပန်းဖြေစရာ နေရာများနှင့် သဘာဝအခြေခံ အော်ဂဲနစ်စိုက်ခင်းများကို လေ့လာကြည့်ရှုကြသည်။

"တခြားကျောင်းက ကျောင်းသား ကျောင်းသူတွေနဲ့လည်း တွေ့ဆုံခင်မင်ခွင့်ရတယ်။ အတွေ့အကြုံအသစ်၊ ဗဟုသုတအသစ်တွေရပါတယ်။ ဒီနေ့လေ့လာတဲ့ စစ်သမိုင်းပြတိုက်ဆိုတာ ကျွန်တော်တို့လို လူငယ်တွေ နိုင်ငံရဲ့သမိုင်းကြောင်းတွေကို သိရှိဖို့ လေ့လာသင့်တဲ့ နေရာတစ်ခုပါ။ ဒီမှာ လေ့လာသိရှိခဲ့တဲ့ အကြောင်းအရာတွေကို ကိုယ့်နေရပ်ကို ပြန်ရောက်ရင် သူငယ်ချင်းတွေကို ပြန်ပြီးမျှဝေပေးမှာပါ။ ကျောင်းသား ကျောင်းသူတွေအတွက် အခုလိုမျိုး လေ့လာရေးခရီးစဉ်တွေ အမှန်တကယ် လိုအပ်ပါတယ်။ အခုလို လေ့လာရေးခရီးစဉ်တွေ ဖန်တီးပေးတဲ့ နိုင်ငံတော်အကြီးအကဲ၊ တာဝန်ရှိသူတွေနဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား မောင်နိုင်မင်းဝေက ပြောကြားသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြမည်ဖြစ်ပြီး ရေပန်းဥယျာဉ်၊ အမျိုးသားပြတိုက်တို့ကိုလည်း လေ့လာရေးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

သန်းတင်အောင်၊ နိုင်ဝင်း



ကြို့ပင်ကောက်မြို့နယ်၌ စာကြည့်တိုက်လှုပ်ရှားမှုဆောင်ရွက်

ကြို့ပင်ကောက် နိုဝင်ဘာ ၇

ကြို့ပင်ကောက်မြို့နယ်၌ ကျွန်ုပ်တို့စာကြည့်တိုက် ကျွန်ုပ်တို့ကမ္ဘာလှုပ်ရှားမှုအစီအစဉ်ကို ယမန်နေ့က မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက စာကြည့်တိုက်မှ စာအုပ်များ၊ ကလေးစာဖတ်ခန်းနှင့် စာငှားစာဖတ် ဝန်ဆောင်မှုအကြောင်းတို့ကို အသိပညာပေးပြောကြားပြီး ကလေးတိုင်း စာဖတ်သူဖြစ်ရမည်အစီအစဉ်ဖြင့် မိဘများနှင့်အတူ စာအုပ်ဖတ်ရှုရှု ပြန်လည်ပြောပြခြင်း အစီအစဉ်နှင့် စာကြည့်တိုက် အသင်းဝင်ခြင်းတို့ကို အခြေခံပညာအလယ်တန်းကျောင်း ဗောဓိရုက္ခမှ ကျောင်းသား ကျောင်းသူများအား ဆောင်ရွက်ပေးခဲ့သည်။

မောင်ရွှေဝင်း(ပြည်)



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရာ ရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်

ဘားအံ နိုဝင်ဘာ ၇

ကရင်တိုင်းရင်းသားလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ ဦးခင်မောင်စိုး၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့မှ လွှတ်တော်ဥက္ကဋ္ဌများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများတက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုကြကာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ဖတ်ကြားပြီး(ယာပုံ) ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခဦးနှင့်ပြခန်းများဖွင့်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များက မုခဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယသမ္မတက (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်မုခဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ငြိမ်းချမ်းရေးချိုးဖြုန်းက ၇၁ ကောင်ကို လွှတ်ပေးကြသည်။





ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များက ဘင်ခရာ၊ ပန်းဖွားနှင့် ဒုံးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပြခန်း၌ ကျင်းပသည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲဆုဆီးဖြင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး(ဝဲဘုံ) ဆုရရှိကြသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဘားအံမြို့ရှိ လှာကမြင်စိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလက်ဌေပြိုင်ပွဲနှင့် KSLA ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ကန်သာယာရေပြင်၌ ကျင်းပသည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အမျိုးသား/အမျိုးသမီးရိုးရာလှေလှော်ပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက အမျိုးသား/အမျိုးသမီး ရိုးရာလှေလှော်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် ဘားအံမြို့သိရိကွင်း၌ ကျင်းပသည့် (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအကအဖွဲ့များ၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်



* *ဘားအံစက်မှုဇုန်မှ*

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တည်ထောင်ပြီး စက်မှုဇုန်များကိုလည်း စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီနှင့် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီများအားလုံးက အချိတ်အဆက်မိမိပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အားလုံး လက်တွဲပြီး ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များကလည်း မိမိတို့၏ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြသွားကြရန်နှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ဘားအံစက်မှုဇုန်ဆိုင်ရာ ဆောင်ရွက်မည့် အချက်အလက်များ ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောမျိုးမြင့်နှင့် ကော်မတီဝင်များ၊ ကရင်ပြည်နယ်စက်မှုဇုန် ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ စက်မှုဇုန်လုပ်ငန်းရှင်များ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများ၊ ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဖလမ်းမြို့၌ ဌာနဆိုင်ရာများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်

ဖလမ်း နိုဝင်ဘာ ၇

ချင်းပြည်နယ် ဖလမ်းမြို့ ဗလိုင်ရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာ မူလတန်းလွန်ကျောင်း လမ်းတစ်လျှောက် မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်ကြသည်။



ကြည့်ရှုအားပေး

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက် ကြည့်ရှုအားပေးသည်။

ပေါင်းစပ်ဆောင်ရွက်

ဆက်လက်၍ ဗလိုင်ရပ်ကွက် အတွင်း နေရပ်ပြန်ပြည်သူများ ပြန်လည် ဝင်ရောက်နေထိုင်မှု၊ ရပ်ကွက်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးမှု၊ ရေရရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရေရှားမည့်ဘေးရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

အဖိုးတန်ရေ ခြိုးခြံချွေတာ

မောင်ကောင်း

စူပါအယ်လ်နီညိုကြောင့် ဘိုလီဗီးယားနိုင်ငံရဲ့ ပြည်နယ်ကိုးခုအနက် ခြောက်ခုက မိသားစု ၈၀၀၀၀ နီးပါး ရေပြတ်လတ်တဲ့ဒဏ်ကို ခံစားခဲ့ရသလို မိုးခေါင်ရေရှားမှုကြောင့် မွေးမြူရေးတိရစ္ဆာန် ကောင်ရေ ၇၅၀၀၀ ကျော် သေဆုံးခဲ့ရပြီးတဲ့နောက် သမ္မတက နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာလိုက်တယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖတ်လိုက်ရပါတယ်။

အင်ဒိုနီးရှားမှာလည်း မိုးမရွာဘဲ ပူပြင်းခြောက်သွေ့နေတာကြောင့် ၂၀၁၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုကို ရင်ဆိုင်နေကြရတယ်။ သစ်တောဧရိယာ ဟက်တာ ၈၉၅၀၀၀ ကျော် မီးလောင်ခံထားရပြီး တောမီးက ထွက်ပေါ်လာတဲ့ အဆိပ်အတောက် မီးခိုးမြူတွေကြောင့် လူပေါင်း ၁၇၅၀၀၀ ကျော် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတွေ ခံစားကြရတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ စင်ကာပူနဲ့ မလေးရှားတို့မှာလည်း လေထုအရည်အသွေးညံ့ဖျင်းတာကို ခံစားနေကြရတယ်လို့ သတင်းတွေက ဆိုထားပါတယ်။

အိန္ဒိယနိုင်ငံမှာ မုတ်သုံမိုး ရွာသွန်းမှုဟာ ပျမ်းမျှအောက် ၁၃ ရာခိုင်နှုန်းလောက် လျော့နည်းနေပြီး အရှေ့ပိုင်းနဲ့အရှေ့မြောက်က ပြည်နယ်တွေမှာ ပြင်းထန်တဲ့ မိုးခေါင်ရေရှားမှုတွေနဲ့ ရင်ဆိုင်နေကြရတယ်။ မိုးရွာသွန်းမှုက မူမမှန်၊ မညီမျှတာကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကဏ္ဍတွေမှာ ထိခိုက်နေပြီး အပူဒဏ်အန္တရာယ်ကြောင့် လူ ၅၅၀၀၀ လောက် အသက်ဆုံးရှုံးနိုင်ခြေရှိတယ်လို့လည်း ခန့်မှန်းထားကြပါတယ်။

အယ်လ်နီညိုက အာဖရိကကိုလည်း အလွတ်မပေးခဲ့ပါဘူး။ အာဖရိကရဲ့ တချို့ဒေသတွေမှာ မိုးခေါင်မှုတွေဖြစ်ပေါ်နေပေမယ့် ကင်ညာနဲ့ ဆိုမာလီယာအပါအဝင် အာဖရိကအရှေ့ပိုင်းမှာတော့ မိုးရာသီအတွင်း စံချိန်စံတင်မိုးသည်းထန်ခဲ့လို့ ရေကြီးတာ၊ မြေပြိုတာ၊ မြစ်ကမ်းပါးပြိုကျတာတွေ ဖြစ်ပေါ်ပြီး လူသေဆုံးမှုနဲ့ လူဦးရေ အများအပြား အိုးမဲ့အိမ်မဲ့ဖြစ်တာတွေ ကြုံနေကြရပါတယ်။

ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းမှာ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာတာကြောင့် ဟာရီကိန်းနဲ့ အပူပိုင်းမုန်တိုင်းအရေအတွက် ပုံမှန်ထက်များပြားနေပြီး လေတိုက်နှုန်း တစ်နာရီ မိုင် ၁၈၀ အထိ တိုက်ခတ်တဲ့ အလွန်အားကောင်းတဲ့ မုန်တိုင်းကြီးတွေ ဖြစ်ပေါ်နေတယ်လို့လည်း သတင်းဌာနတချို့က သတင်းတွေမှာ ဖော်ပြထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာတော့ ပုံမှန်အားဖြင့် ဆောင်းရာသီဖြစ်တဲ့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာ စူပါအယ်လ်နီညိုက အမြင့်ဆုံးအခြေအနေ ရောက်ရှိခဲ့ပြီးနဲ့ တိုက်ဆိုင်နေတဲ့အတွက် ၂၀၂၆ ခုနှစ်ရဲ့ ဆောင်းရာသီက ပျောက်ဆုံးသွားမှာလားလို့ စောင့်ကြည့်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံပိုင်သတင်းဓိဒီယာတွေဖြစ်တဲ့ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာ (နိုဝင်ဘာလ ၂ ရက်နေ့ထုတ်) မျက်နှာဖုံးတွေမှာ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ သတင်းထုတ်ပြန်ချက်ကို အထူးပြုဖော်ပြထားရာမှာ **“အဆိုပါ အယ်လ်နီညို ဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီ ကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေဓာတ်လုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလွှမ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှ တစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလောင်တမဲများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများ အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြဖို့”** အကြံပြုထားတာကို တွေ့ရပါတယ်။

နိုင်ငံတကာမိုးလေဝသဌာနတွေရဲ့ ခန့်မှန်းချက်တွေအရ အခု နိုဝင်ဘာလနဲ့ ဒီဇင်ဘာလမှာ စူပါအယ်လ်နီညို အမြင့်ဆုံးအခြေအနေ ရောက်ရှိမှာဖြစ်ပြီးနောက် တဖြည်းဖြည်းလျော့ကျသွားမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာတော့ ၂၀၂၇ ခုနှစ်ရဲ့ မုတ်သုံမိုးရာသီ မရောက်မချင်း အပူရှိန်မြင့်မားမှုနဲ့ မိုးခေါင်ရေရှားမှုကို ရင်ဆိုင်ရမယ်လို့ ယေဘုယ္ယအားဖြင့် ဆိုရမှာဖြစ်ပါတယ်။ အဲဒီလို အစွန်းရောက် မိုးလေဝသအခြေအနေတွေကို ရင်ဆိုင်ကြတဲ့အခါ အဓိကအားဖြင့် ရေရှားပါးမှုအတွက် ရေကိုချွေတာသုံးစွဲကြဖို့ အရေးကြီးပါတယ်။ ရေချွေတာရေးအတွက် နိုင်ငံပိုင်မီဒီယာတွေကတစ်ဆင့် နှိုးဆော်တိုက်တွန်းမှုတွေ ပြုလုပ်နေကြတာကိုလည်း တွေ့ရှိကြရမှာဖြစ်လို့ အလေးအနက်ထား မှတ်သားလိုက်နာကြဖို့လည်း မေတ္တာရပ်ခံလိုပါတယ်။

တကယ်တော့ ချွေတာတယ်ဆိုတာ အကန့်အသတ်လုပ်ရတာ၊ စနစ်တွေကို လိုက်နာရတာ၊ စည်းနဲ့ဘောင်နဲ့ နေရတာဖြစ်တဲ့အတွက် မကြိုက်ချင်ကြတဲ့သူတွေ တော်တော်များများရှိကြပါတယ်။

ရေဆိုတာကလည်း အချိန်တန်ရင် မိုးပေါ်ကကျလာတဲ့အရာ၊ မြေကြီးကိုတူးရင် ထွက်လာတဲ့အရာ၊ သဘာဝက အလကားပေးတဲ့အရာလို့ ထင်ကြတဲ့အတွက် တန်ဖိုးမထားချင်ကြပါဘူး။ တန်ဖိုးမထားတဲ့အရာကို ချွေတာခိုင်းတော့ မချွေတာချင်ကြဘူးပေါ့။ ဒါပေမယ့် ရေမရှိရင်တော့လည်း တစ်မနက်ကလေးတောင် မနေနိုင်ကြပါဘူး။ ရာသီဥတုကလည်းပူ၊ သောက်စရာ၊ ချိုးစရာ၊ သုံးစရာရေကလည်း မရှိဘူးဆိုရင် ဘယ်လိုနေကြမလဲ။ ဒါကြောင့် လာမယ့် မိုးဦးရာသီရောက်တဲ့အထိ ပေရှည်နိုင်တဲ့ အယ်လ်နီညိုကို ရင်ဆိုင်ကျော်လွှားဖို့ လုပ်သင့်တာကိုလုပ်၊ မလုပ်သင့်တာကိုမလုပ်ဘဲ ဆင်ခြင်ကြရမှာဖြစ်ပါတယ်။

အထူးသဖြင့် လူဦးရေထူထပ်သိပ်သည်းပြီး မြို့ပြရေဖြန့်ဝေမှု စနစ်တွေကို အဓိပ္ပါယ်ကြရတဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လို မြို့ကြီးတွေမှာ နေထိုင်ကြတဲ့ မြို့တော်သူ မြို့တော်သားတွေအနေနဲ့ ရေကို လေလွင့်ပြန်းတီးမှုမရှိစေဘဲ သုံးစွဲကြရမှာဖြစ်ပါတယ်။

ရန်ကုန်ဆိုရင် မြို့ပြဧရိယာရဲ့ လူဦးရေက နေ့စဉ်နဲ့အမျှ ရွှေ့ပြောင်းအခြေချသူတွေနဲ့အတူ ရှစ်သန်းခွဲ နီးနီးလောက်ရှိနေပြီလို့ ခန့်မှန်းကြပါတယ်။ အဲဒီလူတွေက တစ်ဦးမကျန် နေ့စဉ် ရေသုံးစွဲကြတာဖြစ်တဲ့အတွက် နေ့စဉ် ရေဂါလန် သန်းပေါင်းရာနဲ့ချီပြီး လိုအပ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)က မြို့လူဦးရေရဲ့ ထက်ဝက်လောက်ကိုသာ ရေပိုက်လိုင်းစနစ်နဲ့ ဖြန့်ဝေပေးနိုင်ဆဲဖြစ်ပြီး ကျန်တဲ့လူဦးရေက အခြားရေအရင်းအမြစ်တွေကို အဓိပ္ပါယ်ကြရတာပါ။ YCDC က ရေပိုက်လိုင်းနဲ့ပေးတဲ့ အဓိက ရေအရင်းအမြစ်တွေက ဂျိုးဖြူ လော့ကား၊ ဖူးကြီးနဲ့ ငမိုးရိပ် ရေလောင်ကန်ကြီးတွေဖြစ်ပြီး အဝီစိတွင်းကြီးတွေ တူးပြီးတော့လည်း ရေဖြန့်ဝေရေးကွန်ရက်ထဲကို ဖြည့်တင်းပေးနေတာဖြစ်တယ်လို့ သိရပါတယ်။ စည်ပင်ရေပိုက်လိုင်း မရောက်သေးတဲ့ သာကေတ၊ ဒေါပုံ၊ လှိုင်သာယာ၊ ရွှေပြည်သာနဲ့ ဒဂုံမြို့သစ် မြို့နယ်တွေမှာတော့ အဝီစိတွင်းစနစ်တွေကို အဓိက အဓိပ္ပါယ်နေကြရတယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့ရဲ့ ရေပေးဝေရေးစနစ်က ရေတွင်းစက်ကြီးတွေအပေါ် ဝိုင်ခဲနေရတာ၊ နှစ်ကာလ ကြာမြင့်နေတဲ့ ရေပိုက်လိုင်းဟောင်းတွေ ဆွေးမြည့်ပေါက်ပြဲနေတာနဲ့ ရေခိုးယူသုံးစွဲတာတွေကြောင့် ထုတ်လုပ်လိုက်တဲ့ ရေပမာဏ တော်တော်များများ လစ်ဟင်းခဲ့လတ်မှာ ပျောက်ဆုံးနေရတာ စတဲ့အချက်တွေက နိုင်ငံရဲ့ စီးပွားရေးမြို့တော် ဖြစ်တဲ့ ရန်ကုန်မြို့ရေပေးဝေရေးမှာ အဓိကကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်။ စည်းကမ်းမဲ့ရေသုံးစွဲမှုတွေ တစ်နည်းအားဖြင့် ရေဖြုန်းတီးမှုတွေကြောင့် ရေလီတာသန်းနဲ့ ချီပြီး လေလွင့်ပြုန်းတီးသွားရတာကလည်း စိန်ခေါ်မှုကြီးတစ်ခု ဖြစ်နေမှာပါ။ စည်ပင်ရေမရတဲ့ မြို့နယ်တွေမှာ ပုဂ္ဂလိက အဝီစိတွင်းတွေ တူးဖော်သုံးစွဲမှုကလည်း အလွန်အကျွံများလာတဲ့အခါ မြေအောက်ရေ လျော့နည်းကျဆင်းမှုနဲ့ မြစ်ကမ်းအနီး မြို့နယ်တချို့မှာ သောက်သုံးရေအတွင်း ရေငန်ဝင်ရောက်တဲ့ ဖြစ်စဉ်မျိုးတွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

နေပြည်တော်မှာ လူဦးရေ တစ်သန်းကျော် (၁၃ သိန်းကျော်) နေထိုင်နေကြပြီး မြို့ပြရေဖြန့်ဝေရေးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ (NCDC) က တာဝန်ယူဆောင်ရွက်ပေးပါတယ်။ မြို့ပြဧရိယာကြီးထွားလာမှုနဲ့အတူ ရေလိုအပ်ချက် ပိုမိုမြင့်မားလာတာကြောင့် အရင်က နေ့စဉ် ရေဂါလန် ၃ ဒသမ ၄ သန်း ပေးဝေခဲ့ရာက လက်ရှိမှာ ဂါလန် ၉ ဒသမ ၄ သန်းအထိ တိုးမြှင့်ဖြန့်ဖြူးပေးနေတယ်လို့ သိရပါတယ်။

မန္တလေးမှာ လူဦးရေ ၁ ဒသမ ၇ သန်းလောက် နေထိုင်ကြပြီး မြို့ပြရေဖြန့်ဖြူးရေးကို မန္တလေးစည်ပင်သာယာရေးကော်မတီ (MCDC)က တာဝန်ယူ ဆောင်ရွက်နေတာဖြစ်ပါတယ်။ မြို့ရဲ့ အဓိက ရေအရင်းအမြစ်က မြေအောက်ရေဖြစ်ပြီး ဧရာဝတီမြစ်ရေ၊ ဒုဋ္ဌဝတီမြစ်ရေနဲ့ ဆည်တော်ကြီးရေလောင် တမဲတို့ကနေလည်း သောက်သုံးရေ ရယူဖြန့်ဖြူးနေတာဖြစ်ပါတယ်။ မြို့ပေါ်လူနေထူထပ်မှုကြောင့် နေ့စဉ် ရေဂါလန် သန်း ၃၀ လောက် ဖြန့်ဖြူးပေးနေတာတောင် လိုအပ်ချက်ရှိနေဆဲ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါက မြန်မာနိုင်ငံရဲ့ မြို့တော်ကြီးသုံးခုမှာ သောက်ရေ သုံးရေဖြန့်ဝေပေးတာနဲ့ပတ်သက်ပြီး လေ့လာသိရှိရသလောက်ပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မြို့ကြီးတွေနဲ့ တခြား လူနေများပြားစည်ကားတဲ့ မြို့တွေ၊ ရွာတွေအားလုံးမှာလည်း ရေအရင်းအမြစ်ကိုယ်စီကနေ ရယူသုံးစွဲနေကြရတာဖြစ်ပါတယ်။ အယ်လ်နီညိုကာလ အတွင်း အပူရှိန်မြင့်တက်ပြီး မိုးမရွာတဲ့အခြေအနေမျိုး ကြုံတွေ့လာရရင် ရေရဲ့တန်ဖိုးမြင့်မားပုံကို ခံစားသိနဲ့ သိလာကြရမှာပါ။ အသိနောက်မှာ နောင်တမပါကြရအောင် ကိုယ်နေထိုင်ရာ ဒေသရဲ့ အခြေအနေပေါ်မူတည်ပြီး သောက်ရေ၊ သုံးရေ စုဆောင်းသင့်တာစုဆောင်း၊ ရေကိုသုံးတဲ့အခါမှာ အလေအလွင့်မရှိသုံးစွဲပြီး အဖိုးတန် ရေအရင်းအမြစ်တွေ မယ့်ကစီးအောင်လည်း ကာကွယ်စောင့်ရှောက်ကြဖို့လိုပါတယ်။

စူပါအယ်လ်နီညိုဖြစ်ပေါ်နေတဲ့ ကာလအတွင်း မိုးရွာသွန်းမှု ပုံစံမမှန်ကန်တာနဲ့ ဆည်မြောင်း၊ ကန်၊ ချောင်းတွေမှာ ရေနည်းပါးလာမယ့် အခြေအနေတွေက စိုက်ပျိုးရေးကဏ္ဍအပေါ်မှာလည်း သက်ရောက်မှု ကြီးမားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်ထုတ်ယူသုံးစွဲနေတဲ့ ရေချိုပမာဏစုစုပေါင်းရဲ့ ၈၉ ရာခိုင်နှုန်းကို စိုက်ပျိုးရေးအတွက် သုံးနေတာဖြစ်ပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ (FAO) ရဲ့ အချက်အလက်တွေအရ မြန်မာနိုင်ငံရဲ့ တစ်နှစ်တာ စုစုပေါင်း ရေထုတ်ယူသုံးစွဲမှု ပမာဏက ၃၃ ဒသမ ၂၃ ကုဗကီလိုမီတာလောက် ရှိပြီး အဲဒီထဲကမှ စိုက်ပျိုးရေးအတွက် ၂၉ ဒသမ ၆ ကုဗကီလိုမီတာလောက်သုံးစွဲတယ်လို့ သိရပါတယ်။

စိုက်ပျိုးရေးအတွက် သုံးတဲ့ရေပမာဏရဲ့ ၉၁ ရာခိုင်နှုန်းလောက်က မြစ်၊ ချောင်း၊ ဆည်၊ ကန်နဲ့ သဘာဝအင်းအိုင်တွေကနေ ရယူတာဖြစ်ပါတယ်။ စိုက်ပျိုးရေအတွက် ထုတ်ယူသုံးစွဲတဲ့ရေပမာဏ များသလောက် လေလွင့်ပြုန်းတီးမှုကလည်း ၄၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းလောက်အထိ ရှိနေတယ်လို့ ဆိုပါတယ်။ ဆည်တွေ၊ မြစ်ရေတင် စနစ်တွေကနေ လွှတ်ပေးလိုက်တဲ့ စိုက်ပျိုးရေ ထုထည်ရဲ့ ထက်ဝက်နီးပါးလောက်ဟာ သီးနှံပင်တွေဆီ တိုက်ရိုက်မရောက်ဘဲ လမ်းခရီးမှာ ပျောက်ဆုံးသွားတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရေပေးဝေတဲ့ မြောင်းအများစုက မြေသားမြောင်းတွေ ဖြစ်တဲ့အတွက် ရေစီးဆင်းနေချိန် မြေအောက်ကို စိမ့်ဝင်သွားတာနဲ့ အဝေးပြန်သွားတာတို့ကြောင့် ရေအမြောက်အများ လေလွင့်သွားရပါတယ်။ ရိုးရာရေသွင်းစနစ်တွေက သီးနှံအတွက် လိုတာထက် ရေကို ပိုမိုသုံးစွဲမိစေပြီး ရေဝေ့ပြန့်မှုနှင့် မြေအောက်စိမ့်ဝင်မှုကို ပိုများစေပါတယ်။ နောက်တစ်ချက်က သီးနှံစိုက်ပျိုးသူတွေအနေနဲ့ သီးနှံအမျိုးအစားအလိုက်၊ သီးနှံသက်တမ်းအလိုက် ရေလိုအပ်ချက်ကွဲပြားမှုကို တိတိကျကျမသိဘဲ ရေရချိန်မှာ လယ်ကွက်ထဲအိုင်နေအောင် သွင်းထားလိုက်တဲ့ အားနည်းချက်တွေလည်း ရှိနေတယ်လို့ သိရပါတယ်။

ရေချိုသုံးစွဲမှုပမာဏ အင်မတန်ကြီးမားလှတဲ့ စိုက်ပျိုးရေးကဏ္ဍက ရေအလေအလွင့် လျော့ချပြီး ရေကို ချွေတာနိုင်ဖို့

စာမျက်နှာ ၇ သို့

“ရေဆိုတာကလည်း အချိန်တန်ရင် မိုးပေါ်ကကျလာတဲ့အရာ၊ မြေကြီးကိုတူးရင် ထွက်လာတဲ့အရာ၊ သဘာဝက အလကားပေးတဲ့အရာလို့ ထင်ကြတဲ့အတွက် တန်ဖိုးမထားချင်ကြပါဘူး။ တန်ဖိုးမထားတဲ့အရာကို ချွေတာခိုင်းတော့ မချွေတာချင်ကြဘူးပေါ့။ ဒါပေမယ့် ရေမရှိရင်တော့လည်း တစ်မနက်ကလေးတောင် မနေနိုင်ကြပါဘူး။ ရာသီဥတုကလည်းပူ၊ သောက်စရာ၊ ချိုးစရာ၊ သုံးစရာရေကလည်း မရှိဘူးဆိုရင် ဘယ်လိုနေကြမလဲ။ ဒါကြောင့် လာမယ့် မိုးဦးရာသီရောက်တဲ့အထိ ပေရှည်နိုင်တဲ့ အယ်လ်နီညိုကို ရင်ဆိုင်ကျော်လွှားဖို့ လုပ်သင့်တာကိုလုပ်၊ မလုပ်သင့်တာကိုမလုပ်ဘဲ ဆင်ခြင်ကြရမှာဖြစ်”

အထူးကုဆေးရုံသစ်ကြီး - ရန်ကုန်ကို ကုသရေးလုပ်ငန်း၊ ဆေးပညာသင်ကြားရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများပါဝင်သည့် အထူးကုဆေးရုံသစ်ကြီးအဖြစ် ရည်ရွယ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ခုတင် ၃၀၀ ဆံ့ အထူးကုဆေးရုံသစ်ကြီးတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နှလုံးဆေးကုဌာန၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာန၊ ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနများအား အဆင့်မြှင့်ကုသမှုဌာနများအဖြစ် ပြောင်းလဲဖွင့်လှစ်ရန်လျာထားပြီး ကုသရေးလုပ်ငန်း၊ ဆေးပညာသင်ကြားရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ပါဝင်သည့် အထူးကုဆေးရုံသစ်ကြီးအဖြစ် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။



အဆိုပါအထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ရှိ ဓာတ်မှန်ဌာန၊ ခွဲစိတ်ခန်းများ၊ အထူးကြပ်မတ်ကုသဆောင်နှင့် အတွင်းလူနာခန်းများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနဒေါက်တာစိုးဝင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆေးရုံအင်္ဂါရုပ်နှင့်အညီ ဖွဲ့စည်းပုံညွှတ်မှုရှိစေရန်၊ ငလျင်ဒဏ်အပါအဝင် အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အစီအမံများ ဦးစားပေးထည့်သွင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန် ခြောက်ထပ်ဆောင်ရှိ ဓာတ်မှန်ဌာနတွင် ကွန်ပျူတာဓာတ်မှန်၊ သံလိုက်ဓာတ်မှန်နှင့် သွေးကြောဓာတ်မှန် (Angiogram) ရိုက်ကူးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အသည်း၊ သည်းခြေလမ်းကြောင်းနှင့် ပန်ကရိယခွဲစိတ်ကုပညာဌာနတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အတွင်းလူနာများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီး၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ အခြားကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လူနာများကို ဆေးကုသရာတွင် စောင့်ထိန်းရမည့်ကျင့်ဝတ်များနှင့်အညီ ကောင်းမွန်သောစိတ်ထားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် အသိပညာအတတ်ပညာများကို မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းသင်ကြားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ၂၀၂၆ ခုနှစ် အာဆီယံမီဒီယာမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၇

၂၀၂၆ ခုနှစ် အာဆီယံမီဒီယာမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ဝူရွန်းအပန်းဖြေဟိုတယ် ဧည့်ခန်းမဆောင်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ China Media Group (CMG) မှ ဒုတိယဥက္ကဋ္ဌ Mr. Qi Zhuquan ၊ ကွမ်ရီးကျွမ်ဖွဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ အမြဲတမ်းအဖွဲ့ဝင်၊ ပြန်ကြားရေးဌာန အကြီးအကဲ Ms. Chen Yijun နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် လာအို နိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Vansy Kouamoua၊ကမ္ဘောဒီးယားနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sambo Vannarith နှင့် ထိုင်းနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ အမှုဆောင်အရာရှိချုပ် Dr. Dhanakorn Srisooksai တို့ တက်ရောက်ကြသည်။



အခမ်းအနား မစတင်မီ ပြည်ထောင်စုဝန်ကြီးသည် China Media Group (CMG) မှ ဒုတိယဥက္ကဋ္ဌ Mr. Qi Zhuquan ၊ ကွမ်ရီးကျွမ်ဖွဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးများနှင့်တွေ့ဆုံပြီး မီဒီယာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား အဖြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် China Media Group (CMG) မှ ဒုတိယဥက္ကဋ္ဌ၊ ကွမ်ရီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အာဆီယံနိုင်ငံများမှ အကြီးအကဲများက အဖွင့်အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် **(အပေါ်ပို့)** တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မီဒီယာအဖွဲ့အစည်းများသည် မိမိတို့၏အတွေ့အကြုံ၊ အရင်းအမြစ်နှင့် နည်းပညာစွမ်းရည်များကို အပြန်အလှန်မျှဝေပေးခြင်းဖြင့် ဒေသတွင်း မီဒီယာကွန်ရက်များကို ပိုမိုခိုင်မာစေနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုများဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ၏အသံကို နိုင်ငံတကာ နယ်ပယ်၌ ပိုမိုထိရောက်စွာ ဖော်ထုတ်နိုင်ရန် အထောက်အကူ ပြုသကဲ့သို့ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်အပြန်အလှန် နားလည်မှုများကိုလည်း အားပေးဖြင့်တင်နိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိတ်ဖက်ဆက်ဆံရေးများ ပိုမိုခိုင်မာစေရန်၊ အသိပညာနှင့် နည်းပညာများကို အပြန်အလှန် မျှဝေရန်၊ ပူးတွဲထုတ်လုပ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် အာဆီယံ မီဒီယာမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်ဖွင့်ပွဲအား အစီအစဉ် ၅ ရပ်ဖြင့် ကျင်းပခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားပြီးနောက် အခမ်းအနား တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့များသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ အကြား ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence – AI) လက်တွေ့ အသုံးချနိုင်ရေး၊ နည်းပညာဖလှယ်ရေးနှင့် စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် ရည်ရွယ်တည်ထောင်ထားသော ပူးပေါင်းဆောင်ရွက်ရေးစင်တာတစ်ခုဖြစ်သည့် တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာ အက်ပလီကေးရှင်း ပူးပေါင်း ဆောင်ရွက်ရေးစင်တာ (Nan-A Center)ကို သွားရောက်လေ့လာသည်။

အဆိုပါစင်တာသည် အာဆီယံနိုင်ငံများ၏ ဘာသာစကားများအတွက် AI ဘာသာစကား ဒေတာဘေ့စ်များ တည်ဆောက်ခြင်း၊ အာဆီယံနိုင်ငံများနှင့် AI နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများပြုလုပ်ခြင်း၊ နိုင်ငံဖြတ်ကျော် ဒေတာဖလှယ်မှုနှင့် AI လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းတို့ပြုလုပ်လျက်ရှိပြီး လာအို နိုင်ငံ ဗီယင်ကျန်းမြို့တွင်လည်း ပထမဆုံးသော ပြည်ပစင်တာခွဲတစ်ခု တည်ထောင်ခြင်းဖြင့် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကွန်ရက်ကို တိုးချဲ့လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ၏ ပထမဆုံးသော ပင်လယ်-ရထားလမ်း အလိုအလျောက် စနစ်သုံး စမတ်ဆိပ်ကမ်း (smart sea-rail automated terminal) နည်းပညာများကို အသုံးပြုထားသည့် ကွမ်ရီးပေ့ပူပင်လယ်ကွေ့ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း အုပ်စုသို့ သွားရောက်လေ့လာသည်။

အဆိုပါ ဆိပ်ကမ်းသည် ချင်းကျိုးဆိပ်ကမ်း (Qinzhou Port) နှင့် ပေဟဲဆိပ်ကမ်း (Beihai Port) များ၏ ကုန်စည်ပို့ဆောင်ရေး စီမံခန့်ခွဲမှု၊ နိုင်ငံတကာနှင့် ကုန်သွယ်ရေး လမ်းကြောင်းများ ချိတ်ဆက်ထားရှိသည့် ဆိပ်ကမ်း အုပ်စုဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် ကွန်တိန်နာ သယ်ယူပို့ဆောင်မှု ပမာဏ (TEUs) ၁၀ သန်းအထိ စံချိန်တင် ရောက်ရှိခဲ့သည့် ဆိပ်ကမ်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ယမန်နေ့က နန်နင်းမြို့ရှိ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) တွင်ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်း ဒေသများနှင့် အာဆီယံနိုင်ငံများကို အချိန်တိုအတွင်းနှင့် စီးပွားရေးအရ အသက်သာဆုံး ကုန်သွယ်ဆောင်ရွက်နိုင်မည့် ရေလမ်းခရီးစဉ်သစ် အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးခဲ့သည့် ဖိန်လုတူးမြောင်း ပြတိုက်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

စာမျက်နှာ ၆ မှ

ဆည်မြောင်းလက်တံတွေကို ကွန်ကရစ်မြောင်းတွေ ဒါမှမဟုတ် ပိုက်လိုင်းတွေ ပြောင်းလဲတပ်ဆင်ပြီး အဆင့်မြှင့်တင်ဖို့၊ ဥယျာဉ်ခြံသီးနှံတွေနဲ့ သီးနှံစုံစိုက်ခင်းတွေမှာ ရေကိုငြိုးခြံချွေတာပြီး အပင်ခြေအထိ တိုက်ရိုက်ရောက်ရှိစေမယ့် အစက်ချရေသွင်းစနစ်နဲ့ ရေဖျန်းစနစ်တွေကို တိုးမြှင့်သုံးစွဲဖို့ ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရေသုံးစွဲမှု အများဆုံးဖြစ်တဲ့ စပါးစိုက်လယ်တွေမှာ နည်းပညာသုံးပြီး မြေဖျက်နှာပြင်ကို ညီညာအောင်ပြုပြင်ခြင်းက ရေသွင်းရလွယ်ကူစေပြီး ရေသုံးစွဲမှုကို ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

စပါးစိုက်ရာမှာလည်း လယ်ကွက်ထဲ ရေအမြဲလောင်မထားဘဲ ရေသွင်းလိုက်၊ ခြောက်လိုက်နဲ့ တစ်လှည့်စီ ရေသွင်းတဲ့စနစ်ကို အသုံးပြုတာက လည်း စပါးအထွက်နှုန်းမကျဘဲ ရေသုံးစွဲမှုကို ၃၀ ရာခိုင်နှုန်းလောက်အထိ ချွေတာနိုင်တယ်လို့ ဆိုပါတယ်။ စိုက်ပျိုးရေးလွင့်မှုကို စနစ်တကျထိန်းချုပ်နိုင်မယ်ဆိုရင် အခုလို အယ်လ်နီညိုကာလမှာသာမက ရေရှားပါးတဲ့ နွေရာသီမှာပါ စိုက်ပျိုးရေကို ထိထိရောက်ရောက် ခွဲဝေပေးနိုင်မှာဖြစ်ပြီး ရေတင်ဖို့ ကုန်ကျတဲ့ စရိတ်စကကို သက်သာစေမှာ ဖြစ်တယ်လို့ စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားတာကို တွေ့ရပါတယ်။

နိဂုံးချုပ်အားဖြင့် ဆိုရရင်တော့ အယ်လ်နီညိုကာလအတွင်း အပူရှိန်ဖြင့်မားပြီး မိုးခေါင်ရေရှားချိန်မှာ မြို့ပြဒေသရေသုံးစွဲမှု၊ ကျေးလက်ဒေသနဲ့ စိုက်ပျိုးရေသုံးစွဲမှုတွေမှာ မလိုလားအပ်တဲ့ လေလွင့်ပြန်းတီးမှုတွေကို လျှော့ချနိုင်ဖို့ ဖြစ်ပါတယ်။ ရေကို လူတိုင်းသုံးစွဲနေကြတာမို့ အိပ်ရာနိုးထ မျက်နှာသစ်ချိန်ကစပြီး ညအိပ်ရာဝင်ချိန်အထိ ရေကို သုံးစွဲကြတဲ့အကြိမ်တိုင်းမှာ တန်ဖိုးရှိတဲ့ အရာတစ်ခုအဖြစ် အလေအလွင့်မရှိအောင် ဂရုတစိုက်သုံးကြဖို့ နှိုးဆော်တိုက်တွန်းလိုက်ရကြောင်းပါ။ ။

○ ○ ○

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဘားအံမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၇

ကရင်ပြည်နယ် ဘားအံမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ် ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ရက်ကန်းပညာ အခြေပြုအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းသား ရိုးရာရက်ကန်းပညာများမတိမ်ကောစေရေးခေတ်မီအဆင်ဒီဇိုင်းများ ရေးဆွဲထုတ်လုပ်တတ်စေရေးအတွက် လေ့ကျင့်ရင်း ထုတ်လုပ်၊ ထုတ်လုပ်ရင်းလေ့ကျင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်တန်းကျောင်းတွင် ရိုးရာမျက်စေဘဲ ခေတ်နှင့်အညီ ဈေးကွက်အောင်မြင်အောင် တီထွင်ကြံဆဆောင်ရွက်သွားကြရန်၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်း စောင့်ကြည့် သုံးသပ်ပြီး မျှော်မှန်းရလဒ်များကို လက်တွေ့ကျကျ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ရက်ကန်း ဒီဇိုင်းများ တီထွင်ဆန်းသစ်ရန်အတွက် Computer Graphic Design များ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေး၊ နည်းပညာစက်ကိရိယာများ အဆင့်မြှင့်တင်ရေး၊ ကျေးလက်ဒေသ မိသားစုဝင်ငွေတိုးတက်စေရန်နှင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် မိရိုးဖလာရက်ကန်းလုပ်ငန်းများကို ထိန်းသိမ်းမြှင့်တင်ရေး၊ ဒီဇိုင်းအသစ်များ တီထွင်ဖန်တီးနိုင်ရေး၊ ရက်ကန်းကျောင်းမှ ထွက်ရှိသော အထည်များသည် ပစ္စည်းမှန်၊ အရည်အသွေးမှန်ဖြစ်စေရေး၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ဒီဇိုင်းနှင့် ဆေးဆိုးနည်းစနစ်များ အရည်အသွေး ပြည့်မီစေရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး လက်တွေ့သင်ကြားနေမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကကြီးမှူး၍ ရှမ်းပြည်နယ်တရားလွှတ်တော်တွင် မူပိုင်ခွင့်ဥပဒေများနှင့် စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲကျင်းပ

တောင်ကြီး နိုဝင်ဘာ ၇

ပြည်ထောင်စု တရားလွှတ်တော် ချုပ်ကကြီးမှူး၍ ရှမ်းပြည်နယ် တရားလွှတ်တော်တွင် မူပိုင်ခွင့် ဥပဒေများနှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေးခန်းမ၌ Online/ In Person(Hybrid) စနစ်ဖြင့် ကျင်းပသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကို၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က အမှာစကားပြောကြား ကြပြီး ရှမ်းပြည်နယ် တရားလွှတ်တော်၊ ပြည်နယ်တရားရေး ဦးစီးမှူး ဒေါ်သိန်းသိန်းဌေးက အသိပညာပေး ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်အေးအေးလှိုင်က “မူပိုင်ခွင့် ဥပဒေ (၄)ရပ်” ကို အနှစ်ချုပ် ဆွေးနွေးခြင်း၊ တောင်ကြီးခရိုင် တရားရုံး ခရိုင်တရားသူကြီး ဦးစိုးခွန်ဖြူက “Features of Myanmar Trademark Law; New Issues, Challenges & Role of IP Court” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကလောခရိုင်ရုံး ဒုတိယ ခရိုင်တရားသူကြီး ဒေါ်သဲမိုမိုဆွေက “စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေနှင့် မူပိုင်ခွင့်တရားရုံးများ၏ အခန်းကဏ္ဍ” စသည့် ခေါင်းစဉ် ဖြင့်လည်းကောင်း အသိပညာပေး ဆွေးနွေးတင်ပြကြသည်။

အသိပညာပေးဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၁၀ ဦးတို့က Online ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တရားလွှတ်တော်မှ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၂၆ ဦး၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာခြောက်ဦးနှင့် ရှမ်းပြည်နယ် ရှေ့နေအသင်းမှ အသင်းဝင်ရှေ့နေ ၄၀ စုစုပေါင်း ၇၂ ဦးတို့က In Person ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထက်ဝေ(ပြန်/ဆက်)**



ဆေးတက္ကသိုလ်-မန္တလေး၊ ပြည်သူ့ဆေးရုံကြီး၊ သားဖွားသင်တန်းကျောင်းနှင့် သူနာပြုသိပ္ပံတို့ကို ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာတင်ထွန်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

ဆေးတက္ကသိုလ် - မန္တလေးမှ ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားရေး ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာတင်ထွန်းသည် ယမန်နေ့နံနက်ပိုင်းက တွေ့ဆုံပြီး ဆေးပညာသင်ကြားရေးလုပ်ငန်းများ တိုးတက်စေရေး လိုအပ်သည်များ မှာကြားသည်။



မွန်းလွဲပိုင်းတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံ၍ ဆေးရုံသန့်ရှင်းသာယာရေး၊ ဆေးကုသမှုအရည်အသွေး ကောင်းမွန်စေရေး၊ ဆေးနှင့်ဆေးပစ္စည်းများ စနစ်တကျအသုံးပြုနိုင်ရေးတို့ကိုမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ကလေးကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်စေရေးအတွက် လိုအပ်ချက်များ မေးမြန်းဆွေးနွေးပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး - မန္တလေး၌ ကလေးသွေးရောဂါနှင့် ကင်ဆာဌာန၊ ကျောက်ကပ်ရောဂါကုဌာနများ အဆောင်ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုကာ ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ သူနာပြုသိပ္ပံ (မန္တလေး)၌ သွားရောက်ကာ စာသင်ခန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်းများ (Skill Lab)၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး သင်ကြားရေးဆရာများ၊ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပေးဆွေးနွေး

သံဖြူဇရပ် နိုဝင်ဘာ ၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့်အသိပေးဆွေးနွေးပွဲကို ယမန်နေ့က သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်ရာ သံဖြူဇရပ်မြို့နယ် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်စိုးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသန့်ဇင်တို့က ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရပ်ကွက်/ကျေးရွာအလိုက် ရင်သွေးငယ်များအား ကာကွယ်ဆေးထိုးနှံကြစေရေး အသိပေးစည်းရုံး ဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးပြီး ဝက်သက် - ဂျိုက်သိုး ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးနှင့် မဟာလယ်တီကျောက်စာတိုက်ကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မုံရွာ နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ဆေးရုံဝန်ထမ်းများသည် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက် ကြည့်ရှုအားပေးသည်။

ထို့အတူ နှစ်ပေါင်း (၁၀၀) ကျော်သက်တမ်းရှိ မုံရွာမြို့ လယ်တီရပ်ကွက်ရှိ မဟာလယ်တီကျောက်စာ တိုက်ကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

လွိုင်ကော်မြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



လွိုင်ကော် နိုဝင်ဘာ ၇

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီ စိမ်းလန်းသောမြို့၊ သန့်ရှင်းသောမြို့ဖြစ်စေရေး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကယားဒေးကွင်း၌ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထို့သို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့် အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ဒေါ်ဥသုရပ်ကွက်ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် R.C နှစ်ထပ် စာသင်ဆောင် ဆောက်လုပ်နေမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်ရန်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကလည်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၇

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ရာဇဝင်သမိုင်းကြောင်း ရှည်လျားစွာဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့တွင် အဓိကဒေါက်တိုင်အဖြစ် ပါဝင်ဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် ဌာနဖြစ်သည်နှင့်အမျှ ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဂတိတရားကင်းရှင်းစွာဖြင့် နည်းလမ်းမှန်ကန်စွာ ကြိုးစားဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံတော်မှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျရာနေရာမှပါဝင်ပြီး ကျေပွန်စွာထမ်းဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံများနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ရဲထွဋ်က သင်တန်းထူးချွန်ဆုရ ဝန်ထမ်းအား ထူးချွန်ဆု ချီးမြှင့်သည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ချုပ်မှ ပေးပို့လာသော "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသမိုင်းကြောင်းနှင့် လုပ်ငန်းစွမ်းဆောင်ချက်များ Video Clip အား ပြသကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက "တာဝန်ကျစွာ ထမ်းဆောင်သည်" ဂုဏ်ပြုတေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေကြကာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရှိရသည်။

စည်သူ(ပြန်/ဆက်)



ထားဝယ်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ထားဝယ် နိုဝင်ဘာ ၇

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ထားဝယ်မြို့ ပုလဲကေရီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အမှာစကား ပြောကြားပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) တွင် ပထမဆု ရရှိခဲ့သည့် မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူးအတွက် ဂုဏ်ပြုဆုနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဌာနဝတ်စုံများ



ပေးအပ်သည်။

ထို့အတူ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိခဲ့ကြသည့် အရာထမ်း/ အမှုထမ်းများကို ဂုဏ်ပြုဆုများ၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်း ၂၈ ဦးအတွက် ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကျိုက်လတ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ကျိုက်လတ် နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ညောင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယမန်နေ့က အဆိုပါ ကျေးရွာဘုန်းကြီးကျောင်း၌ ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ မြို့နယ်စီမံကိန်းတာဝန်ခံက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားပြီး တာဝန်ရှိသူများက ညောင်ချောင်းကျေးရွာတွင် ဒုတိယ အကြိမ်အဖြစ် အသင်းသား အသင်းသူ ၁၀၉ ဦးကို ငွေကျပ် ၃၄၄သိန်းကို ထုတ်ချေးပေးခဲ့သည်။

တောဇာလင်း



လူငယ်နှင့် လုပ်ငန်းခွင်ဆိုင်ရာကျင့်ဝတ်

မောင်လူအေး(လူငယ်ရေးရာ)

လူငယ်တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ နည်းပညာကဏ္ဍအသီးသီးမှာ အပြောင်းအလဲကို ဖော်ဆောင်နိုင်တဲ့ အဓိကအင်အားစုတွေ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမယ့် လူစွမ်းအားအရင်းအမြစ်တွေလည်း ဖြစ်ပါတယ်။

အမှန်တော့ လူငယ်တွေဟာ လူစွမ်းအားအရင်းအမြစ်ထက်ပိုတဲ့ လူသားအရင်းအနှီးတွေ ဖြစ်နေတာပါ။ ၂၁ ရာစုရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ လူငယ်တွေဟာ အဓိကမောင်းနှင်သူ အခန်းကဏ္ဍကနေ ပါဝင်နေကြတာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ နယ်ပယ်ကဏ္ဍအသီးသီးမှာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ မူပါဒါချမှတ်သူတွေ၊ ပညာရှင်တွေ၊ စီမံခန့်ခွဲသူတွေ၊ တီထွင်ဖန်တီးသူတွေ၊ စက်ရုံလုပ်သားတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေအဖြစ်နဲ့ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေကြတာဖြစ်ပါတယ်။

၂၁ ရာစုဟာ လူငယ်တွေအတွက် ပညာရေးနဲ့ နည်းပညာဆိုင်ရာ အခွင့်အလမ်းတွေ ပိုမိုရရှိလာသလို တစ်ဖက်မှာလည်း ပြိုင်ဆိုင်မှုတွေ၊ လူမှုစီးပွားအခက်အခဲတွေနဲ့ လုပ်ငန်းခွင်ဆိုင်ရာ စိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်နေကြရတာ ဖြစ်ပါတယ်။ အဲဒီအခြေအနေတွေကြားမှာ အချို့လူငယ်တွေဟာ အောင်မြင်မှုကို အမြန်ရရှိလိုခြင်း၊ ရာထူးနဲ့ ငွေကြေးကို ဦးစားပေးခြင်း၊ မိမိရဲ့ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်ခြင်းတို့ကြောင့် လုပ်ငန်းခွင်ဆိုင်ရာ ကျင့်ဝတ်နဲ့ Professional စံနှုန်းတွေကို လျစ်လျူရှုမိတတ်ကြပါတယ်။

အသက်မွေးဝမ်းကျောင်းပညာရပ်ဟာ လူငယ်တွေအတွက် အလုပ်အကိုင်ရရှိဖို့သာမက မိမိဘဝကို ကိုယ်တိုင်ရပ်တည်နိုင်ရေး၊ မိသားစုရဲ့ လူမှုစီးပွားဘဝအခြေအနေတိုးတက်ရေး၊ ကိုယ်ပိုင် လုပ်ငန်း တည်ထောင်နိုင်ရေးနဲ့ နိုင်ငံရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါတဲ့ အခြေခံတစ်ရပ်ဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်ဖို့ အရေးကြီးပါတယ်။ လူငယ်တစ်ဦးရဲ့ ဘဝအောင်မြင်မှုကို ပညာအရည်အချင်း၊ ရာထူးဂုဏ်သိန်း သို့မဟုတ် ဝင်ငွေမဟာဏတွေနဲ့သာ တိုင်းတာလို့မရဘဲ မိမိတတ်မြောက်ထားတဲ့ပညာရပ်ကို လက်တွေ့အသုံးချနိုင်မှု၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု၊ တာဝန်ခံယူမှု၊ တာဝန်ခံမှု၊ ကိုယ်ကျင့်တရားနဲ့ လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိမှုတို့နဲ့လည်း တိုင်းတာလာကြပြီဖြစ်ပါတယ်။

အသက်မွေးဝမ်းကျောင်းပညာရပ်ဟာ လူငယ်တစ်ဦးချင်းစီရဲ့ ပညာရေးနဲ့ လက်တွေ့ဘဝအကြား ပေါင်းကူးပေးတဲ့ အရေးကြီးတဲ့ ဖွံ့ဖြိုးရေးလမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းပေါ် မှန်ကန်စွာ ရပ်တည်နိုင်ဖို့အတွက်တော့ လုပ်ငန်းခွင်ဆိုင်ရာကျင့်ဝတ်တွေကို လိုက်နာကျင့်သုံးရမှာဖြစ်ပါတယ်။

အသက်မွေးဝမ်းကျောင်းပညာရပ်မှာ ကျွမ်းကျင်မှုရှိခြင်းဟာ အရေးကြီးသလို အဲဒီကျွမ်းကျင်မှုကို အသုံးချရာမှာ လိုက်နာကျင့်သုံးရမယ့် Professional Ethics တွေကလည်း အလွန်အရေးကြီးပါတယ်။ Professional Ethics ဆိုတာဟာ မိမိလုပ်ကိုင်နေတဲ့ အသက်မွေးဝမ်းကျောင်း နယ်ပယ်မှာ မှန်ကန်စွာ ပြုမူဆောင်ရွက်နိုင်ဖို့၊ အလုပ်ရှင်၊ လုပ်ဖော်ကိုင်ဖက်၊ ဖောက်သည်နဲ့ လူမှုအသိုက်အဝန်းအပေါ် တာဝန်ကျေပွန်စေဖို့ လိုက်နာရမယ့် ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းနဲ့ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းတွေ ဖြစ်ပါတယ်။

ပညာရှင်တွေရဲ့ အဆိုအရ Professional Ethics ဆိုတာ မိမိလုပ်ကိုင်နေတဲ့ အသက်မွေးဝမ်းကျောင်း နယ်ပယ်မှာ မှန်ကန်စွာ ပြုမူဆောင်ရွက်နိုင်ဖို့ လိုက်နာရမယ့် ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းတွေ၊ တာဝန်ယူမှုနဲ့ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်တွေ ဖြစ်ပါတယ်။ အဲဒီကျင့်ဝတ်တွေကတော့ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ အချိန်လေးစားမှု၊ စည်းကမ်းလိုက်နာမှု၊ အပြန်အလှန်လေးစားမှု၊ လျှို့ဝှက်ချက်ထိန်းသိမ်းမှု၊ အရည်အသွေးအပေါ် တာဝန်ခံမှုနဲ့ အကျိုးစီးပွားပဋိပက္ခတွေကို ရှောင်ကြဉ်နိုင်မှု စတာတွေဖြစ်ပါတယ်။

> **“လူငယ်ဘဝမှာ ကျင့်ဝတ်လိုက်နာတဲ့၊ အများကယုံကြည်အားကိုးရတဲ့ Professional ဖြစ်အောင် မိမိရဲ့ကောင်းမွန်တဲ့ပုံရိပ်ကို တည်ဆောက်ရမှာဖြစ်ပါတယ်။ မိမိနာမည်ကို ကြားလိုက်ရုံနဲ့ ကျင့်ဝတ်လိုက်နာသူ၊ ယုံကြည်စိတ်ချရတဲ့သူ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသူ၊ Professional ပီသသူ ဖြစ်တယ်ဆိုတာ လူအများက လက်ခံကြမှသာ မိမိအတွက်သာမက အဖွဲ့အစည်းရဲ့ ရေရှည်အောင်မြင်မှုကို ထိန်းသိမ်းထားရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ အရပ်အကိုင်တစ်ခုကို စတင်သင်ယူတဲ့အချိန်ကစလို့ သက်ဆိုင်ရာလုပ်ငန်းခွင်ကျင့်ဝတ်တွေကို သေသေချာချာ နားလည်လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။**

လုပ်ငန်းခွင်အတွင်းမှာ လိုက်နာကျင့်သုံးသင့်တဲ့ ယေဘုယျသတ်မှတ်ထားတဲ့ Professional Ethics ၁၂ ချက် ရှိပါတယ်။ အဲဒါတွေကတော့-

၁။ **ရိုးသားဖြောင့်မတ်မှု။** မိမိရဲ့ လုပ်ငန်းဆောင်ရွက်ချက်၊ အရည်အချင်း၊ အတွေ့အကြုံနဲ့ ရလဒ်တွေကို မှန်ကန်စွာတင်ပြရမှာဖြစ်ပြီး လိမ်လည်ညစ်ကြေးခြင်း၊ စာရွက်စာတမ်းအတုပြုလုပ်ခြင်း၊ အချက်အလက်လွဲမှားစွာ တင်ပြခြင်းနဲ့ အခြားသူရဲ့ အောင်မြင်မှုကို မိမိပိုင်အဖြစ် ဖော်ပြခြင်းတွေကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ရာထူးဟာ လုပ်ပိုင်ခွင့်အာဏာကို ပေးနိုင်ပေမယ့် ကျင့်ဝတ်ဟာ ထိုအာဏာကို မှန်ကန်စွာ အသုံးချနိုင်ဖို့ လမ်းညွှန်ပေးခြင်းဖြစ်ပါတယ်။ ပညာဟာ အခွင့်အလမ်းကို ဖွင့်ပေးနိုင်ပေမယ့် ကိုယ်ကျင့်တရားဟာ ထိုအခွင့်အလမ်းတွေကို ဘယ်လိုအသုံးချရမလဲဆိုတာကို ဆုံးဖြတ်ပေးနိုင်ပါတယ်။

၂။ **တာဝန်ယူမှုနဲ့ တာဝန်ခံမှု။** မိမိ တာဝန်ယူထားတဲ့အလုပ်ကို အဆုံးအထိ ဆောင်ရွက်ရမှာဖြစ်ပြီး အမှားဖြစ်ရင် ဖုံးကွယ်ခြင်းမပြုဘဲ ဝန်ခံပြင်ဆင်ပြီး ထပ်မံမဖြစ်ပွားစေဖို့ သင်ယူရမှာဖြစ်ပါတယ်။ ပညာအရည်အချင်းနဲ့ ကျွမ်းကျင်မှုကြောင့် လုပ်ငန်းခွင်မှာ အောင်မြင်မှုရရှိနိုင်ပေမယ့် မိမိရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ကျင့်ဝတ်တို့ကြောင့်သာ ရေရှည်ယုံကြည်မှုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် မိမိလုပ်ငန်းအပေါ် မြတ်နိုးတန်ဖိုးထားမှုရှိမှသာ တာဝန်ယူမှုနဲ့ တာဝန်ခံမှု ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မိမိချစ်တဲ့ အလုပ်ကိုလုပ်ပါ။ မိမိလုပ်တဲ့ အလုပ်ကိုချစ်ပါ။

၃။ **အချိန်လေးစားမှုနဲ့ စည်းကမ်းလိုက်နာမှု။** အလုပ်ချိန်၊ သတ်မှတ်ရက်၊ လုပ်ငန်းစဉ်နဲ့ အဖွဲ့အစည်းရဲ့ တရားဝင်စည်းမျဉ်းတွေကို လိုက်နာရမှာဖြစ်ပြီး မိမိရဲ့အချိန်ကိုသာမက အခြားသူရဲ့ အချိန်ကိုလည်း တန်ဖိုးထားရမှာဖြစ်ပါတယ်။ အလုပ်ချိန် စည်းကမ်းကို လိုက်နာခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းခွင်ဝန်းကျင်ကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ မိမိအလုပ်ကို မိမိတန်ဖိုးထားလေးစားပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာနဲ့ ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းဟာ အောင်မြင်မှုရဲ့ သော့ချက်ဖြစ်ပါတယ်။

၄။ **အရည်အသွေးနဲ့ ကျွမ်းကျင်မှုကို ထိန်းသိမ်းခြင်း။** မိမိတတ်မြောက်ထားတဲ့ အရည်အချင်းအတွင်းမှသာ တာဝန်ယူဆောင်ရွက်ပြီး မသိနားမလည်တဲ့အပိုင်းကို သက်ဆိုင်ရာပညာရှင်ထံ မေးမြန်းရမှာဖြစ်သလို လုပ်ငန်းအရည်အသွေးနဲ့ ဘေးကင်းလုံခြုံရေးကို ဦးစားပေးရမှာ ဖြစ်ပါတယ်။ လုပ်ငန်းကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်သူ ဖြစ်ဖို့ သာမက မှန်ကန်စွာ လုပ်ဆောင်နိုင်သူဖြစ်စေဖို့ လည်း ကြိုးစားအားထုတ်ရမှာဖြစ်ပါတယ်။

၅။ **အပြန်အလှန်လေးစားမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု။** ရာထူး၊ အသက်အရွယ်၊ ကျား/မ၊ လူမျိုး၊ မသန်စွမ်းမှု သို့မဟုတ် လူမှုနောက်ခံကွဲပြားမှုတို့အပေါ်မူတည်ပြီး ခွဲခြားဆက်ဆံခြင်းမပြုဘဲ လုပ်ဖော်ကိုင်ဖက်ကို လေးစားရမှာဖြစ်ပါတယ်။ အခြားသူများထက် ပိုမိုထူးချွန်သူဖြစ်ဖို့သာ မကြိုးစားဘဲ အခြားသူတွေက လေးစားယုံကြည်အားထားနိုင်သူဖြစ်ဖို့လည်း ကြိုးစားသင့်ပါတယ်။ ဝန်ထမ်းတွေအဖို့ ရာထူးငယ်ဘဝမှာ Technical Skill / Functional Skill ဟာ အဓိကကျပေမယ့် ရာထူးကြီးလာတာနဲ့အမျှ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ခြင်းက မိမိအနာဂတ်ကို အဆုံးအဖြတ်ပေးမှာဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာ တစ်ကိုယ်တော် ခြေစွမ်းပြခြင်းအစား အဖွဲ့အစည်းနဲ့ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ရှိမှသာ ရေရှည်အောင်မြင်မှုကို ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။

၆။ **လျှို့ဝှက်ချက်နဲ့ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ခြင်း။** ဖောက်သည်တွေ၊ အလုပ်ရှင်တွေနဲ့ အဖွဲ့အစည်းတွေရဲ့ ကိုယ်ရေးအချက်အလက်၊ စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်တွေနဲ့ လုပ်ငန်းဆိုင်ရာ အချက်အလက်တွေကို ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ခြင်းမပြုရပါ။ ဥပမာအားဖြင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦးဟာ ပညာရပ်ကျွမ်းကျင်ပေမယ့် လူနာရဲ့လျှို့ဝှက်ချက်ကို မထိန်းသိမ်းရင် ယုံကြည်မှုကို ပျက်စီးစေနိုင်ပါတယ်။ အရည်အချင်းရှိပေမယ့် ယုံကြည်စိတ်ချရမှုမရှိသူဟာ ရေရှည်မှာ မိမိရဲ့ဂုဏ်သိက္ခာနဲ့ အခွင့်အလမ်းကို ဆုံးရှုံးနိုင်ခြေများပါတယ်။

၇။ **Professional ဆန်တဲ့ ဆက်သွယ်ပြောဆိုမှု။** ယဉ်ကျေးစွာပြောဆိုခြင်း၊ တိကျရှင်းလင်းစွာ ရေးသားခြင်း၊ တုံ့ပြန်ချက်တွေကို လက်ခံနိုင်ခြင်းနဲ့ သဘောထားကွဲလွဲမှုတွေကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းတို့ကို ကျင့်သုံးရမှာဖြစ်ပါတယ်။ Professional ကောင်းတစ်ဦးဖြစ်ဖို့ ပညာတတ်မြောက်ခြင်း၊ လုပ်ငန်းကျွမ်းကျင်ခြင်းနဲ့ ကျင့်ဝတ်ရှိခြင်းတို့ကို ပေါင်းစပ်ပိုင်ဆိုင်ထားရမှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင်ပြဿနာကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခြင်း၊ မိမိလက်အောက်ရှိ ဝန်ထမ်းတွေကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အရင်းအမြစ်တွေကို စနစ်တကျ မျှဝေသုံးစွဲခြင်း၊ အပြုသဘောဆောင်တဲ့ အကြံပြုချက်တွေပေးခြင်းက Professional ပီသတဲ့ အပြုအမူတွေပဲ ဖြစ်ပါတယ်။

၈။ **တရားမျှတမှုနဲ့ ဘက်မလိုက်မှု။** ဆုံးဖြတ်ချက်တွေကို ကိုယ်ရေးကိုယ်တာအကျိုးစီးပွား၊ မိတ်ဆွေသံယောဇဉ် သို့မဟုတ် မတရားတဲ့ ဖိအားတွေအပေါ် မူတည်မချမှတ်ဘဲ သက်ဆိုင်ရာ အချက်အလက်နဲ့ စံနှုန်းတွေအပေါ် အခြေခံရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းအပါအဝင် လုပ်ငန်းခွင်အတွင်း အဂတိတရားလေးပါးဖြစ်တဲ့ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိနဲ့ မောဟာဂတိတို့ကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

၉။ **အကျိုးစီးပွားပဋိပက္ခနဲ့ အဂတိလိုက်စားမှုကို ရှောင်ကြဉ်ခြင်း။** ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်အတွက် ရာထူးနဲ့အာဏာကို အသုံးမချရ၊ လာဘ်ပေးလာဘ်ယူမှု၊ မသမာတဲ့ အကျိုးအမြတ်ရယူမှုနဲ့ မိမိရဲ့ဆုံးဖြတ်ချက်ကို ထိခိုက်စေနိုင်တဲ့ အကျိုးစီးပွားပဋိပက္ခတွေကို သင့်လျော်စွာဖော်ပြဖြေရှင်းရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အုပ်ချုပ်ရေးဝန်ထမ်းတစ်ဦးဟာ လုပ်ငန်းစီမံခန့်ခွဲမှုကျွမ်းကျင်ပေမယ့် ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်အတွက် အာဏာကိုအသုံးချရင် မိမိနဲ့အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမှာဖြစ်ပါတယ်။

၁၀။ **စဉ်ဆက်မပြတ်သင်ယူတိုးတက်မှု။** နည်းပညာနဲ့ လုပ်ငန်းစံနှုန်းတွေ ပြောင်းလဲလာတာနဲ့အမျှ မိမိရဲ့ကျွမ်းကျင်မှုကို အမြဲတိုးတက်အောင် လေ့လာသင်ယူရမှာဖြစ်ပါတယ်။ မိမိအလုပ်ကို မြတ်နိုးတန်ဖိုးထားသူဟာ လုပ်ငန်းအောင်မြင်တိုးတက်စေဖို့အတွက် စဉ်ဆက်မပြတ် လေ့လာကြဆာအားထုတ်နေမှာပဲ ဖြစ်ပါတယ်။ မိမိကိုယ်တိုင်နဲ့ ဌာနအဖွဲ့အစည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် စဉ်ဆက်မပြတ် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေခြင်းအစီအစဉ်ဟာ မရှိမဖြစ်လိုအပ်တဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့

အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်သည့် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလေ့ကျင့်ခန်း (HADR) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါဝင်လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၇

အိန္ဒိယနိုင်ငံ ချန်နိုင်မြို့ Tamil Nadu and Pudu Cherry Naval Area ၌ Ex Rahat Mitra အမည်ဖြင့် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလေ့ကျင့်ခန်း (HADR-2026) ၌ မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်၍ ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရှိရသည်။



အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် လေ့ကျင့်ခန်းတွင် တက်ရောက်ပါဝင်လေ့ကျင့်နိုင်ရန်အတွက် နိုဝင်ဘာ ၄ ရက် နေ့လယ်ပိုင်းတွင် အိန္ဒိယတပ်မတော် လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့သို့ ထွက်ခွာခဲ့သည်။

လေ့ကျင့်ခန်းကာလအတွင်း မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် Flag Officer Commanding Tamil Nadu and Puducherry Naval Area (FOTNA) မှ Rear Admiral Upal Kundu, VSM အား တမီးနာဒူးနှင့် ပူဒူချယ်ရီရေတပ်ဌာနချုပ်၌ ဂါရဝပြုတွေ့ဆုံခဲ့ပြီး၊ အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)တို့မှ တာဝန်ရှိသူများ၏ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ဆောင်ရွက်ချက်များ ရှင်းလင်းမှုတို့ကို လေ့လာခြင်း၊ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍကို ရှင်းလင်းဆွေးနွေးခြင်း၊ ဆိုင်ကလုန်းအခြေပြု စားပွဲတင်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ Adyar ရေတပ် အခြေစိုက်စခန်း ကမ်းခြေ၌ ပြုလုပ်သည့် ရေဘေးကယ်ဆယ်ရေးအဖွဲ့ (Flood Relief Column) ပါဝင်သော ဖွဲ့စည်းပုံနှင့် ပစ္စည်းများအား သရုပ်ပြသခြင်း၊ ဒရုန်းဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ အင်ဂျင်နီယာလုပ်ငန်း တာဝန်အဖွဲ့ (Engineering Task Force) ၏ ဖွဲ့စည်းပုံနှင့် ပစ္စည်းများအား သရုပ်ပြရှင်းလင်းခြင်း၊ HADR ဆိုင်ရာ ယာယီတံတားဆောက်လုပ်ခြင်းနှင့် အတား အဆီးရှင်းလင်းခြင်းဆိုင်ရာ သရုပ်ပြသမှုများကို လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ပစ္စည်း(HADR Bricks)များကို ခင်းကျင်းပြသမှုများအား လေ့လာခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် သဘာဝဘေးကယ်ဆယ်ရေးတပ်ဖွဲ့သုံး ပစ္စည်းများ၊ သဘာဝဘေးဒဏ် ခံရသူများအတွက် နေရာထိုင်ခင်းနှင့် အသုံးအဆောင်ပစ္စည်းများ၊ စုပေါင်းမီးဖိုချောင်သုံး ပစ္စည်းများနှင့် အစားအစာများ၊ ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ Flood Relief Team မှ တစ်ဦးချင်း အသုံးပြုသည့် ပစ္စည်းများ ခင်းကျင်းပြသမှု၊ Advanced Light Utility Helicopter အပေါ်၌ လူနာများတင်ဆောင်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားရှိမှု၊ အိန္ဒိယတပ်မတော်ဆေးအဖွဲ့၏ Field Hospital / MI Room ဆောင်ရွက်ထားရှိမှု၊ အိန္ဒိယတပ်မတော်ရေတပ်မှ Chetak အမျိုးအစား ရဟတ်ယာဉ်ဖြင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို Air Drop ချခြင်းအား သရုပ်ပြသမှုများ၊ အိန္ဒိယလေတပ်မှ ALH Helicopter အမျိုးအစား ရဟတ်ယာဉ်ဖြင့် ပင်လယ်ပြင်ကမ်းစပ်တစ်လျှောက် ရှာဖွေကယ်ဆယ်ဆောင်ရွက်ခြင်း၊ လူနာကို လူနာထမ်းစင်ဖြင့် Hoisting Motor အသုံးပြု၍ ရဟတ်ယာဉ်ပေါ်သို့ တင်/ချပြုလုပ်ခြင်း၊ ရဟတ်ယာဉ်ဖြင့် လူနာပို့ဆောင်ခြင်းစသည့် သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယစစ်ရေယာဉ်ပေါ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းတွင် အိန္ဒိယတပ်မတော်လေယာဉ်ဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုပ်ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “@uzawl win 731” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းကုန်းကျေးရွာနေ ဇော်လွင်အား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် စကားအင်း အမြန်လမ်းမကြီး ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၁၀ မှ

၁၁။ **လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနဲ့ လူမှုရေးတာဝန်ယူမှု။** ဘေးကင်းရေးစည်းမျဉ်းတွေကို လိုက်နာခြင်း၊ အန္တရာယ်တွေကို ကြိုတင်သတိပြုခြင်းနဲ့ မိမိရဲ့လုပ်ငန်းကြောင့် အခြားသူတွေ၊ ပတ်ဝန်းကျင်နဲ့ လူမှုအသိုက်အဝန်းအပေါ် ထိခိုက်မှု မရှိစေဖို့ ဂရုပြုရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါ ပြည်သူလူထုနဲ့ ထိတွေ့ဆက်ဆံခြင်းနဲ့ လူမှုရေးတာဝန်ယူမှုရှိခြင်းတွေဟာ မရှိမဖြစ် လိုအပ်လှပါတယ်။

၁၂။ **ဉာဏ်ရည်တုနည်းပညာနဲ့ ဒီဂျစ်တယ် နည်းပညာကို ကျင့်ဝတ်နဲ့အညီ အသုံးပြုခြင်း။** AI နဲ့ ထုတ်လုပ်ထားတဲ့ အချက်အလက်တွေကို စိစစ်အတည်ပြုရမှာဖြစ်ပါတယ်။ မူပိုင်ခွင့်၊ ကိုယ်ရေးအချက်အလက်နဲ့ အဖွဲ့အစည်းရဲ့ မူဝါဒတွေကို လေးစားရမှာဖြစ်ပြီး မိမိမလုပ်ဆောင်ထားတဲ့ အလုပ်ကို မိမိကိုယ်တိုင်လုပ်ဆောင်ခဲ့သကဲ့သို့ မမှန်မကန်ဖော်ပြခြင်းကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ ဒီဂျစ်တယ်နည်းပညာနဲ့ လူမှုကွန်ရက်တွေကို တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့သာ အသုံးပြုဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ယနေ့ ၂၁ ရာစုဟာ နည်းပညာတိုးတက်မှု၊ ဒီဂျစ်တယ်စီးပွားရေး၊ ဉာဏ်ရည်တုနည်းပညာ အွန်လိုင်းအလုပ်အကိုင်နဲ့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးချိတ်ဆက်မှုတွေ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေတဲ့ခေတ်လည်းဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ ပြောင်းလဲနေတဲ့ နည်းပညာခေတ်မှာ ဘွဲ့တစ်ခုရရှိထားရုံနဲ့ မလုံလောက်တော့ဘဲ မိမိရွေးချယ်ထားတဲ့ လုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်မှု ရှိသူ၊ အသစ်အဆန်းကို လေ့လာသင်ယူနိုင်သူ၊ လုပ်ငန်းခွင်ကျင့်ဝတ်ကို လေးစားလိုက်နာသူနဲ့ ပြောင်းလဲမှုတွေကို လိုက်လျောညီထွေစွာ လက်ခံရင်ဆိုင်နိုင်သူတွေဖြစ်ဖို့လည်း အလွန်အရေးကြီးလှပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့အနာဂတ်ဟာ လူငယ်တွေ ဘယ်လောက် ပညာတတ်မြောက်တယ်၊ ဘယ်လောက်ကျွမ်းကျင်တယ်ဆိုတဲ့ အချက်တွေ အပေါ်မှာသာ မူတည်နေတာမဟုတ်ဘဲ သူတို့ရရှိထားတဲ့ ပညာ၊ အရည်အချင်းနဲ့ အာဏာတို့ကို ဘယ်လိုအကျိုးရှိရှိ အသုံးချနေကြတယ်ဆိုတဲ့ အချက်အပေါ်မှာလည်း များစွာမူတည်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ လုပ်ငန်းခွင်ကျင့်ဝတ်ကို စာအုပ်ထဲမှာဖတ်ရှုသိရှိရုံနဲ့ ပြည့်စုံခြင်းမရှိဘဲ နေ့စဉ်လုပ်ငန်းခွင်အတွင်း လက်တွေ့ လိုက်နာကျင့်သုံးမှသာ အမှန်တကယ်အကျိုးရှိမှာ ဖြစ်ပါတယ်။

လုပ်ငန်းခွင်အတွင်း မိမိရဲ့ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်ဖို့နဲ့ အခြားသူတွေရဲ့ ယုံကြည်မှုကို တည်ဆောက်နိုင်ဖို့အတွက် လိုက်နာရမယ့် အပြုအမူအချို့ကိုလည်း ဖော်ပြလိုပါတယ်။ အဲဒါတွေကတော့ အလုပ်ကိုသတိမှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီး မပြီးနိုင်ပါက ကြိုတင်အကြောင်းကြားခြင်း၊ မိမိမသိတဲ့အကြောင်းအရာကို သိသယောင်မပြုဘဲ မေးမြန်းလေ့လာခြင်း၊ အမှားတစ်ခုဖြစ်ပွားပါက အခြားသူအပေါ် အပြစ်ပုံချခြင်းမပြုဘဲ ဝန်ခံပြင်ဆင်ခြင်း၊ အထက်အရာရှိရဲ့ ညွှန်ကြားချက်ကို လေးစားပေမယ့် မသင့်လျော်တဲ့ သို့မဟုတ် မမျှတတဲ့ လုပ်ဆောင်ချက်ကို ကျင့်ဝတ်နဲ့စည်းမျဉ်းတွေနဲ့အညီ သင့်လျော်စွာတုံ့ပြန်ခြင်း၊ မိမိရဲ့ရာထူးနဲ့ အခွင့်အာဏာကို ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်အတွက် အသုံးမချခြင်း၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ အကြံပြုချက်ကိုလက်ခံပြီး အခြားသူရဲ့အောင်မြင်မှုကို အသိအမှတ်ပြုခြင်း၊ အွန်လိုင်းပေါ်မှာ အချက်အလက်တွေမမျှဝေမီ မှန်ကန်မှု ရှိမရှိ စိစစ်ခြင်းနဲ့ ကိုယ်ရေးအချက်အလက်ကို ကာကွယ်ထိန်းသိမ်းခြင်း၊ မိမိလုပ်ဆောင်ချက်ကြောင့် အခြားသူတွေအပေါ် ဖြစ်ပေါ်လာနိုင်တဲ့ သက်ရောက်မှုတွေကိုပါ စဉ်းစားပေးခြင်း စတာတွေ ဖြစ်ပါတယ်။

အထက်ကကျင့်ဝတ်တွေဟာ သေးငယ်တဲ့ လုပ်ရိုးလုပ်စဉ်လို့ ထင်ရပေမယ့် ရေရှည်မှာ ယုံကြည်စိတ်ချရတဲ့ Professional တစ်ဦးအဖြစ် မိမိဂုဏ်သိက္ခာကို တည်ဆောက်ပေးနိုင်မယ့် အခြေခံတွေလည်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းလူငယ်တွေ အတွက်ဆိုရင်လည်း ဝန်ထမ်းတစ်ဦးချင်း လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ် ၁၂ ပါး၊ ဝန်ထမ်းအချင်းချင်းအပေါ် လိုက်နာစောင့်ထိန်းရမယ့်ကျင့်ဝတ် ၅ ပါး၊ ပြည်သူလူထုအပေါ် လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ် ၅ ပါးနဲ့ နိုင်ငံတော်အပေါ် လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ် ၈ ပါးဆိုပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး ၃၀ ပြဋ္ဌာန်းထားရှိပါတယ်။

လူငယ်တွေဟာ နိုင်ငံရဲ့အနာဂတ်ကို တည်ဆောက်ကြမယ့် အဓိကအင်အားစုတွေဖြစ်သလို ယနေ့ခေတ်ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းနေကြသူတွေလည်း ဖြစ်ကြပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ မိမိရဲ့အနာဂတ်အလုပ်ဆုံးထွန်းတောက်နိုင်ဖို့ ကျင့်ဝတ်လိုက်နာတဲ့ Professional ပီသတဲ့ လူငယ်တွေဖြစ်အောင် ကျင့်ကြံကြိုးစားကြဖို့ အလေးထား တိုက်တွန်းလိုပါတယ်။ တာဝန်ရှိသူတွေကလည်း ကျင့်ဝတ်လိုက်နာပြီး အောင်မြင်တဲ့ လူငယ်တွေ ဖြစ်လာစေရေး ကျင့်ဝတ်နဲ့ ညီညွတ်တဲ့ လုပ်ငန်းခွင်ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးရမှာ ဖြစ်ပါတယ်။

ကျင့်ဝတ်လိုက်နာပြီး လုပ်ငန်းကျွမ်းကျင်မှုရှိတဲ့ လူငယ်တွေ ပေါ်ထွန်းလာမှသာ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုရေးကဏ္ဍအသီးသီးမှာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ကျမ်းကိုးစာရင်း

၁။ လူငယ်နှင့်ဗီဇ၊ ပတ်ဝန်းကျင်စာစုများ၊ သူရအေး (၂၀၀၀)

၂။ Organization for Economic Co-operation and Development. (2017). OECD recommendation of the Council on public integrity, OECD.

၃။ United Nations. United Nations Ethics Office, United Nations. (ကုလသမဂ္ဂ၏ ကျင့်ဝတ်ဆိုင်ရာ အရင်းအမြစ်များ)

၄။ UNESCO. (2021). Recommendation on the ethics of artificial intelligence, UNESCO.

၅။ World Economic Forum. (2025).The Future of Jobs Report 2025. (https://www.weforum.org/publications/the-future-of-jobs-report-2025/?utm_ source=chatgpt.com).

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ

(ယမန်နေ့မှအဆက်)

ပုံစံ(၁)

(၃)"လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

---------- ခုနှစ်၊ ---------- ရွေးကောက်ပွဲ

[နည်းဥပဒေ ၄]

----------တိုင်းဒေသကြီး/ပြည်နယ်

မဲဆန္ဒရှင်ပေါင်း ( )ဦး၊ ကျား ( )ဦး၊ မ ( )ဦး၊

----------မြို့နယ်

----------ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ် ( )

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ		
								ပြည်သူ့လွှတ်တော်	အမျိုးသားလွှတ်တော်	တိုင်း/ပြည်နယ်လွှတ်တော်
၁	၂	၃	၄	၅	၆	၇	၈	၉		

ဥက္ကဋ္ဌ

ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ။ ရှင်းလင်းချက်များကို ကျောဘက်တွင်ဖော်ပြထားပါသည်။

အတွင်းရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ"

---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ရှင်းလင်းချက်။ (၁) စာတိုင်(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် "အင်္ဂလိပ်အက္ခရာ" ဖြင့်လည်း ကွင်းစ ကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင်(၄)တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက် ၊ လ ၊ ခုနှစ် တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၃) စာတိုင်(၅)တွင် နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားလက်မှတ်အမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ် အမှတ်တို့ကို ဖော်ပြရန်ဖြစ်ပါသည်။

(၄) စာတိုင်(၈)တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန်ဖြစ်ပါသည်။

(၅) အမည်များကို ဖော်ပြရာ၌ ဦး / ဒေါ် ဖြင့်သာ ဖော်ပြရန်ဖြစ်ပါသည်။

ပုံစံ (၃-က) အဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

----

လွှတ်တော်ရွေးကောက်ပွဲများ

မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွာ

[နည်းဥပဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ

----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

---------- မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ

----------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ----------

(၂) ကျား/မ ----------

(၃) မွေးသက္ကရာဇ် ---------- အသက်( )

(၄) မှတ်ပုံတင်အမှတ် ----------

(၅)"(၅) လူမျိုး ----------"

(၆) အဘအမည် ----------

(၇) အမိအမည် ----------

(၈) လက်ရှိနေရပ်လိပ်စာ ----------

---

(၉) အလုပ်အကိုင် ----------

(၁၀) လက်ရှိလုပ်ကိုင်နေသော ----------

ကုမ္ပဏီ/လုပ်ငန်း အမည်

(၁၁) အမြဲတမ်းနေရပ်လိပ်စာ ----------

---

(၁၂) အမြဲတမ်းနေရပ်၏ ----------

ရပ်ကွက်/ကျေးရွာအုပ်စုအမည် ----------

(၁၃) အမြဲတမ်းနေရပ်၏မြို့အမည် ----------

(၁၄) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ----------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထား

---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ဝန်ခံချက်

အထက်ပါအချက်များအားလုံး မှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်

လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ---------- သည် မိမိတို့ ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်

လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ----------

မှတ်ချက်။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/ လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် ----------သည် ----------ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း/ လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး

---------- ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ----------

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

ပုံစံ (၆-ဂ)

(၃)"အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ
ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ ပြန်လည်ထုတ်ပေးခြင်း
[နည်းဥပဒေ ၃၇(ခ)]

သို့

----------နိုင်ငံရေးပါတီ

အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ ပြန်လည်ထုတ်ပေးခြင်း**

----------တိုင်းဒေသကြီး/ ပြည်နယ် အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( )တွင် ----------နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ဦး/ဒေါ်----------၏/သည် အမည်စာရင်းတင်သွင်းလွှာသည် အပယ်ခံရခြင်း/ ရွေးကောက်ပွဲစတင်မကျင်းပမီကွယ်လွန်ခြင်း/ အမည်စာရင်းတင်သွင်းထားသည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲရွေ့ဆိုင်းထားခြင်း/ အမည်စာရင်း တင်သွင်းလွှာရုပ်သိမ်းခြင်းကြောင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(ခ)အရ ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေ - ..... (.....တိတိ)ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် ပြန်လည်ထုတ်ပေးလိုက်ပါသည်။

ရုံးတံဆိပ်

----------ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ
(သို့မဟုတ်)ဥက္ကဋ္ဌကတာဝန်လွှဲအပ်ထားသူ

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

သို့

ဥက္ကဋ္ဌ

---------- ကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ လက်ခံရရှိကြောင်းတင်ပြခြင်း**

----------နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ဦး/ဒေါ်---------- ၏/သည် အမည်စာရင်းတင်သွင်းလွှာသည် အပယ်ခံရခြင်း/ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်ခြင်း/ အမည်စာရင်းတင်သွင်းထားသည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲရွေ့ဆိုင်းထားခြင်း/ အမည်စာရင်းတင်သွင်းလွှာ ရုပ်သိမ်းခြင်းကြောင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသည့် ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေ - ..... (.....တိတိ)ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် လက်ခံရရှိပါသည်။

ဦး/ဒေါ် ----------
---------- မဲဆန္ဒနယ်
----------နိုင်ငံရေးပါတီကိုယ်စားလှယ် "
(မလိုအပ်သည်များကိုပယ်ဖျက်ပါရန်)

ပုံစံ (၄)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာ
[နည်းဥပဒေ ၁၁ (က)၊ ၁၄(ဂ)(ဃ)]

သို့

ဥက္ကဋ္ဌ

----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

---------- မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ

---------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ကန့်ကွက်လိုသောမဲစာရင်း

----------ရပ်ကွက်/ကျေးရွာအုပ်စု

မဲစာရင်းပါအမှတ်စဉ် ----------

ကန့်ကွက်လိုသောမဲဆန္ဒရှင်အမည် ----------

(၃)"နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------"

ကန့်ကွက်ရသော အကြောင်းရင်း----------

ကျွန်ုပ်သည် ဤကန့်ကွက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် အသိသက်သေများကို အထောက်အထားအဖြစ် တင်ပြပါသည် -

---

ဤကန့်ကွက်လွှာပါ အကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ ကြားသမျှ ဟုတ်မှန်ကြောင်း ဝန်ခံပါသည်။

ကန့်ကွက်သူအမည် ----------

ကန့်ကွက်သူ၏ရပ်ကွက်/ကျေးရွာအုပ်စု ----------

ကန့်ကွက်သူ၏မဲစာရင်းပါအမှတ်စဉ် ----------

ကန့်ကွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------

ကန့်ကွက်သူ၏လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ

(ယမန်နေ့မှအဆက်)

ပုံစံ(၁)

(၃)"လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
---------- ခုနှစ်၊ ---------- ရွေးကောက်ပွဲ
[နည်းဥပဒေ ၄ (က)]

----------တိုင်းဒေသကြီး/ပြည်နယ်
မဲဆန္ဒရှင်ပေါင်း ( )ဦး၊ ကျား ( )ဦး၊ မ ( )ဦး၊

----------မြို့နယ်
----------ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ် ( )

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ		
								ပြည်သူ့လွှတ်တော်	အမျိုးသားလွှတ်တော်	တိုင်း/ပြည်နယ်လွှတ်တော်
၁	၂	၃	၄	၅	၆	၇	၈	၉		

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ"

မှတ်ချက်။ ။ ရှင်းလင်းချက်များကို ကျောဘက်တွင်ဖော်ပြထားပါသည်။

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ရှင်းလင်းချက်။ (၁) စာတိုင်း(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကိုဖော်ပြရန်ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် "အင်္ဂလိပ်အက္ခရာ" ဖြင့်လည်း ကွင်းစ ကွင်းပိတ်အတွင်း၌ ဖော်ပြရန်ဖြစ်ပါသည်။

(၂) စာတိုင်း(၄)တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက် ၊ လ ၊ ခုနှစ် တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၃) စာတိုင်း(၅)တွင် နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားလက်မှတ်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်တို့ကို ဖော်ပြရန်ဖြစ်ပါသည်။

(၄) စာတိုင်း(၈)တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရန်ဖြစ်ပါသည်။

(၅) အမည်များကို ဖော်ပြရာ၌ ဦး / ဒေါ် ဖြင့်သာ ဖော်ပြရန်ဖြစ်ပါသည်။

စာမျက်နှာ ၁၄ သို့

စာမျက်နှာ ၁၃ မှ

ပုံစံ (၃-က)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွာ
[နည်းဥပဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ
----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
---------- မြို့
မှတစ်ဆင့်
ဥက္ကဋ္ဌ
----------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ----------
(၂) ကျား/မ ----------
(၃) မွေးသက္ကရာဇ် ---------- အသက်( )
(၄) မှတ်ပုံတင်အမှတ် ----------
(၃)"(၅) လူမျိုး ----------"
(၆) အဘအမည် ----------
(၇) အမိအမည် ----------
(၈) လက်ရှိနေရပ်လိပ်စာ ----------
----
(၉) အလုပ်အကိုင် ----------
(၁၀) လက်ရှိလုပ်ကိုင်နေသော ----------
ကုမ္ပဏီ/လုပ်ငန်း အမည်
(၁၁) အမြဲတမ်းနေရပ်လိပ်စာ ----------
----
(၁၂) အမြဲတမ်းနေရပ်၏ ----------
ရပ်ကွက်/ကျေးရွာအုပ်စုအမည် ----------
(၁၃) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ----------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

---
---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ဝန်ခံချက်

အထက်ပါအချက်များအားလုံး မှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ---------- သည် မိမိတို့ ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်
လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ----------

မှတ်ချက်။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/ လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် ----------သည် ----------ဌာန/ ကုမ္ပဏီ/ လုပ်ငန်းတွင် ---------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း/ လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
---------- ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ----------

ပုံစံ (၄)

လွှတ်တော်ရွေးကောက်ပွဲများ
မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွာ
[နည်းဥပဒေ ၁၁ (က)၊ ၁၄(ဂ)(ဃ)]

သို့

ဥက္ကဋ္ဌ
----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
---------- မြို့
မှတစ်ဆင့်
ဥက္ကဋ္ဌ
---------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ကန့်ကွက်လိုသောမဲစာရင်း
----------ရပ်ကွက်/ကျေးရွာအုပ်စု
မဲစာရင်းပါအမှတ်စဉ် ----------
ကန့်ကွက်လိုသောမဲဆန္ဒရှင်အမည် ----------
(၃)"နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------"
ကန့်ကွက်ရသော အကြောင်းရင်း----------

ဤကန့်ကွက်လွှာပါ အကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ ကြားသမျှ ဟုတ်မှန်ကြောင်း ဝန်ခံပါသည်။

ကန့်ကွက်သူအမည် ----------
ကန့်ကွက်သူ၏ရပ်ကွက်/ကျေးရွာအုပ်စု ----------
ကန့်ကွက်သူ၏မဲစာရင်းပါအမှတ်စဉ် ----------
ကန့်ကွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------

ကန့်ကွက်သူ၏လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ပုံစံ (၆-ဂ)

(၃)"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ ပြန်လည်ထုတ်ပေးခြင်း
[နည်းဥပဒေ ၃၇(ခ)]

သို့

----------နိုင်ငံရေးပါတီ

အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ ပြန်လည်ထုတ်ပေးခြင်း**

---------- တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( )တွင် ----------နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ဦး/ဒေါ်----------၏/သည် အမည်စာရင်းတင်သွင်းလွှာသည် အပယ်ခံရခြင်း/ ရွေးကောက်ပွဲစတင်မကျင်းပမီကွယ်လွန်ခြင်း/ အမည်စာရင်းတင်သွင်းထားသည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲ၌ ဆိုင်းထားခြင်း/ အမည်စာရင်း တင်သွင်းလွှာရုပ်သိမ်းခြင်းကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(ခ)အရ ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေ - ..... / (.....တိတို) ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် ပြန်လည်ထုတ်ပေးလိုက်ပါသည်။

ရုံးတံဆိပ်

----------ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ
(သို့မဟုတ်)ဥက္ကဋ္ဌကတာဝန်လွှဲအပ်ထားသူ

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

သို့

ဥက္ကဋ္ဌ
---------- ကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **ရွေးကောက်ပွဲဝင်ခွင့်အတွက်ပေးသွင်းငွေ လက်ခံရရှိကြောင်းတင်ပြခြင်း**

---------- နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်/ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ဦး/ဒေါ်---------- ၏/သည် အမည်စာရင်းတင်သွင်းလွှာသည် အပယ်ခံရခြင်း/ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်ခြင်း/ အမည်စာရင်းတင်သွင်းထားသည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲ၌ ဆိုင်းထားခြင်း/ အမည်စာရင်းတင်သွင်းလွှာ ရုပ်သိမ်းခြင်းကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(ခ)အရ ပြန်လည်ထုတ်ပေးသည့် ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေ - ..... / (.....တိတို)ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် လက်ခံရရှိပါသည်။

ဦး/ဒေါ် ----------
---------- မဲဆန္ဒနယ်
----------နိုင်ငံရေးပါတီကိုယ်စားလှယ် ”
(မလိုအပ်သည်များကိုပယ်ဖျက်ပါရန်)

(ဆက်လက်ဖော်ပြပါမည်)

မော်ဘီမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ကွမ်းခြံကုန်းကျေးရွာ မဟာပုညဝုန်းကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၁ ပါး၊ ဒေသခံပြည်သူ ၈၉ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား /နှာခေါင်း / လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၇)ရပ်ကွက်ရှိ ပဥ္စသုခဓမ္မာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၅ ဦးအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှော နိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၇ ရက်နေ့ ညနေပိုင်းတွင် တမံရှိ ရေ ၂၉၄ ဒသမ ၇၀ ပေသာ ကျန်ရှိတော့သဖြင့် ၂၀ ဒသမ ၃၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချွန်ထွေယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅ လုံး၊ စုစုပေါင်း အဆောက်အအုံ ၉ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၄ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။

သာစည်မြို့နယ်ရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းများသို့ အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

သာစည် နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုအပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် သာစည်မြို့နယ် ကြာဘက်ကုန်းကျေးရွာရှိ နို့စားနွားမွေးမြူထားသည့် လုပ်ငန်းနေရာများသို့သွားရောက်၍ အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍအပေါ် အကျိုးသက်ရောက်နိုင်မှုများ၊ ရေနှင့်အစာကို ကြိုတင်သိုလှောင်ထားရှိရန်၊ ရောဂါကို ကြိုတင်ကာကွယ်ရန်၊ မွေးမြူရေးခြံ ဇီဝလုံခြုံမှုအား စနစ်တကျဆောင်ရွက်ရန်၊ ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်စေရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နို့စားနွားမွေးမြူရေးလုပ်ငန်းများတွင် သံသယဖြစ်ဖွယ်ရောဂါဖြစ်ပွားလာပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနများကို ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆက်လူ



❋ ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။ ❋ ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဇာကျော်၏ ဆီထွက်သီးနှံ နှမ်းနှင့် ပဲပုပ် တိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးမှသည် ပြည်ပတင်ပို့နိုင်ရေး စာတမ်းကောက်နုတ်ချက်

၁။ မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ဆီစားသုံးမှုများပြားလာသကဲ့သို့ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမှာ လုံလောက်မှုမရှိသဖြင့် ပြည်ပမှ စားအုန်းဆီကို နှစ်စဉ်တင်သွင်းလျက်ရှိပါသည်။ ပြည်တွင်းစားသုံးဆီအဖြစ် ထုတ်လုပ်ရာတွင် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံတို့ကို အဓိကထား၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများမှရရှိသော စားသုံးဆီကို စားသုံးသူအများစု စားသုံးလျက်ရှိပြီး လက်ရှိအချိန်တွင် ပဲပုပ်ဆီကိုလည်း စားသုံးလာကြပါသည်။ ဆီထွက်သီးနှံတစ်မျိုးစီတွင် ပါဝင်သည့် အာဟာရဓာတ်များမတူညီကြသောကြောင့် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့် စားသုံးသူများအနေဖြင့်လည်း မိမိတို့ကြိုက်နှစ်သက်သောဆီကို ရွေးချယ်ဝယ်ယူနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး ပြည်တွင်းစားသုံးဆီဖူလုံမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

၂။ ဆီကြိတ်ပဲပုပ်အပါအဝင် ဆီထွက်သီးနှံများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၉ ဒသမ ၃၉ ဇကသန်း စိုက်ပျိုးခဲ့ပါသည်။ စုစုပေါင်းထွက်ရှိမှုမှ ပြည်တွင်းတွင် မျိုးအဖြစ် ပြန်လည်အသုံးပြုသည့်ပမာဏ၊ စားသုံးမှုပမာဏနှင့် စားသောက်ကုန်ထုတ်လုပ်မှုပမာဏတို့ကို နှတ်ပယ်ပြီးနောက် ကျန်ရှိသည့် ပမာဏကို ဆီကြိတ်ခွဲသည်ဟုယူဆ၍ တွက်ချက်ရာတွင် ဆီတန်ချိန် ၁ သန်းကျော် ရရှိပါသည်။ လူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် တစ်ဦးလျှင် တစ်နှစ်ဆီစားသုံးမှု ၆ ပိသာနှုန်းဖြင့် ဆီတန်ချိန် ၅ သိန်းကျော် လိုအပ်မည်ဖြစ်ပြီး ဆီဖူလုံမှု ၂၀၀ ရာခိုင်နှုန်းရှိကြောင်း တွက်ချက်ရရှိပါသည်။ တွက်ချက်မှုအရ ဆီဖူလုံမှုရှိသော်လည်း ပြည်တွင်းစားသုံးဆီ စားသုံးရန်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စားအုန်းဆီကို နှစ်စဉ်တန်ချိန် ၅ သိန်းမှ ၆ သိန်းအထိ တင်သွင်းနေရဆဲဖြစ်ပါသည်။ ထို့ကြောင့် စားအုန်းဆီတင်သွင်းရာ၌ စက်မှုလုပ်ငန်းများတွင် မဖြစ်မနေအသုံးပြုရန် လိုအပ်သော ပမာဏကိုသာ တင်သွင်းပြီး စားသုံးဆီကို ပြည်တွင်းတွင်ထွက်ရှိသည့် ဆီထွက်သီးနှံများမှ ထွက်ရှိသော ဆီကိုသာ စားသုံးနိုင်ကြရန်၊ စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုရန်နှင့် အစေ့အဆန် ပြည်ပတင်ပို့ရန် အတွက် လုံလောက်မှုရှိစေရန် နှမ်းနှင့်ပဲပုပ်သီးနှံကို တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။

၃။ နှမ်းသီးနှံကို မိုးခေါင်ဒဏ်ခံနိုင်ခြင်း၊ အခြားသီးနှံများနှင့် သီးနှံပဲစိုက်ပျိုးနိုင်ခြင်း၊ မိသားစုဆီဖူလုံမှုအတွက် စားသုံးဆီရရှိခြင်း၊ ပြည်ပပို့ကုန် ဈေးကွက်ရှိသဖြင့် ဈေးကောင်းရရှိနိုင်ခြင်းတို့ကြောင့် တောင်သူများ စိုက်ပျိုးကြခြင်းဖြစ်ပါသည်။ နှမ်းစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် အပင်ကျပ်လွန်းခြင်း၊ ကျဲလွန်းခြင်းမဖြစ်စေဘဲ သတ်မှတ်အပင်ဦးရေဝင်ဆံ့အောင် စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို စနစ်တကျထည့်သွင်းခြင်း၊ နှမ်းခင်းအတွင်း စုပ်ပိုးကျရောက်မှုကို စနစ်တကျကာကွယ်နိုမ်နင်းခြင်းဖြင့် နှမ်းပို့ရောဂါကျရောက်မှုကို နည်းပါးစေခြင်း၊ ရေလိုအပ်ချိန်တွင် ရေပေးသွင်းနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါက နှမ်းသီးနှံအနေဖြင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိနိုင်မည်ဖြစ်ပါသည်။ ပြည်ပသို့ ဆီထွက်သီးနှံများ တင်ပို့နိုင်မှုကို လေ့လာရာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၅၁၁၁၉ ဒသမ ၀၅၄ တင်ပို့နိုင်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၁၃-၃-၂၀၂၆ နေ့အထိ တန်ချိန် ၁၁၈၉၃၆ ဒသမ ၅၉၂ တင်ပို့နိုင်ခဲ့ပါသည်။ နှမ်းအထွက်နှုန်းကို လက်ရှိအထွက်နှုန်းဖြစ်သည့် တစ်ဧက ၁၀ တင်းနှုန်းထက် ပိုမိုထွက်ရှိအောင် ဆောင်ရွက်နိုင်ပါက ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့ခြင်းများကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

၄။ ပဲပုပ်သီးနှံမှ ပရိတ်းကြွယ်ဝသော သီးနှံဖြစ်ပြီး စားသုံးသူများ၏ ကျန်းမာရေးအတွက် အထောက်အကူပြုသည့် စားသုံးဆီနှင့် တိရစ္ဆာန်အစာစပ်စက်ရုံများမှ လိုအပ်သည့် ပဲပုပ်ကြိတ်ဖတ်ကို ရရှိနိုင်ပါသည်။ ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုရာတွင် ပြည်တွင်းအစာစပ်စက်ရုံများမှ တစ်နှစ်လျှင် ပဲပုပ်ကြိတ်ဖတ်တန်ချိန် ၃ သန်း ၇ သိန်းခန့် အသုံးပြုလျက်ရှိပါသည်။ လက်ရှိပြည်တွင်းတွင် စိုက်ပျိုးထွက်ရှိသည့် ပဲပုပ်အားလုံးကို ဆီကြိတ်နိုင်ပါက ကြိတ်ဖတ်တန်ချိန် ၂ သိန်းကျော် ရရှိနိုင်မည်ဖြစ်ပြီး တစ်ဧက အထွက်နှုန်းထိုက်ရန် ဆောင်ရွက်ခြင်းနှင့် လက်ရှိစိုက်ပျိုးလျက်ရှိသည့် ပဲပုပ်စိုက်ဧရိယာများကို ဆီကြိတ်ပဲပုပ် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးဆီ ကြိတ်ခွဲခြင်းနှင့် အစာစပ်စက်ရုံများအတွက် ကုန်ကြမ်းရရှိနိုင်မည့်အပြင် ပိုလျှံသည့်ပမာဏကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည် ဖြစ်ပါသည်။

၅။ ကုန်ချောထုတ်လုပ်သည့်ကဏ္ဍတွင် ဆီစက်လုပ်ငန်းရှင်များနှင့် အစာစပ်လုပ်ငန်းရှင်များအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးသူတောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ကန်ထရိုက် လယ်ယာစနစ်ဖြင့် ဝယ်ယူခြင်းကို ဆောင်ရွက်နိုင်ပါက အရည်အသွေး ပြည့်မီသည့် ကုန်ကြမ်းများကို ဝယ်ယူရရှိနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း အရည်အသွေး ကောင်းမွန်သည့်သီးနှံများကိုစိုက်ပျိုးထုတ်လုပ်နိုင်မည့် နည်းပညာနှင့် အရင်းအနှီးကို ရရှိနိုင်မည်ဖြစ်ပြီး ထွက်ရှိသည့် သီးနှံအတွက် သေချာသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိနိုင်မည်ဖြစ်ပါသည်။

၆။ နှမ်းနှင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ခြင်းဖြင့် ပြည်တွင်းဆီထွက်သီးနှံများ ထုတ်လုပ်မှု တိုးတက်ခြင်း၊ ဆီကြိတ်ခွဲမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့် ပြည်ပမှ ကြိတ်ဖတ်တင်သွင်းမှုကို အစားထိုးနိုင်ခြင်းနှင့် ပိုလျှံမှုကို ပြည်ပသို့ အစေ့အဆန်နှင့် ကုန်ချောများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ခြင်း အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

ရည်ရွယ်ချက်

၇။ ဤစာတမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြုစုတင်ပြရခြင်းဖြစ်ပါသည်-

(၁) နှမ်းနှင့် ပဲပုပ်သီးနှံများ၏ လက်ရှိစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်းဆီဖူလုံမှုအပေါ် အထောက်အကူပြုနိုင်သည့် ပမာဏကို ရှင်းလင်းတင်ပြရန်၊

(၂) နှမ်းနှင့် ပဲပုပ် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် အဟန့်အတားဖြစ်စေသည့် အချက်များကို လေ့လာဖော်ထုတ်ရန်၊

(၃) စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြရန်။

> **“ ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ပြည်ပတင်ပို့မှုတိုးတက်ရန် ရည်မှန်းချက်ပြည့်မီရေးအတွက် ဆီထွက်သီးနှံများကို ထုတ်လုပ်မှုတိုးချဲ့ခြင်းဖြင့် ဆောင်ရွက်ရာ၌ ထုတ်လုပ်မှုပမာဏသာမက ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးကိုလည်း ထုတ်လုပ်မှုအဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ဆီထွက်သီးနှံကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာကာ တောင်သူများ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ အာဟာရဖူလုံရေးနှင့် စိုက်ပျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်အထောက်အကူပြုနိုင်မည် ”**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နှမ်းနှင့် ပဲပုပ် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီဖူလုံမှု

၈။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် မိုး၊ ဆောင်း၊ နွေ သုံးရာသီ စိုက်ပျိုးပြီး စိုက်ဧက ၄ ဒသမ ၁ သန်းကျော်၊ ရိတ်သိမ်းဧက ၄ သန်းကျော်၊ တစ်ဧက အထွက်နှုန်း ၁၀ ဒသမ ၂၁ တင်းနှုန်းဖြင့် တင်းပေါင်း ၄၁ ဒသမ ၅ သန်းကျော် ထွက်ရှိခဲ့ပါသည်။ ပဲပုပ်ကို မိုးနှင့် ဆောင်းတွင် စိုက်ပျိုးပြီး စိုက်ဧက ၄ သိန်းကျော်၊ ရိတ်ဧက ၄ သိန်းကျော်၊ တစ်ဧက အထွက်နှုန်း ၂၀ ဒသမ ၁၃ တင်းနှုန်းဖြင့် တင်းပေါင်း ၈ ဒသမ ၇ သန်း ထွက်ရှိခဲ့ပါသည်။ ဆီကြိတ်ပဲပုပ်အနေဖြင့် မိုးနှင့် ဆောင်းတွင် နှစ်ရာသီစုစုပေါင်း စိုက်ဧက ၁ သိန်း ၇ သောင်းကျော်၊ ရိတ်ဧက ၁ သိန်း ၇ သောင်းကျော်၊ တစ်ဧကအထွက်နှုန်း ၁၇ ဒသမ ၂၈ တင်းနှုန်းဖြင့် တင်းပေါင်း ၃ သန်းကျော်ထွက်ရှိခဲ့ပါသည်။

၉။ လူဦးရေ၅၁ သန်းကျော်အတွက် လူတစ်ဦးလျှင် တစ်နှစ်ဆီစားသုံးမှု ၆ ပိသာနှုန်းဖြင့် တွက်ချက်ပါက ဆီတန်ချိန် ၅ သိန်းကျော် လိုအပ်မည်ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စိုက်ပျိုးထုတ်လုပ်မှုမှ နှမ်းသီးနှံအနေဖြင့် ဆီဖူလုံမှု ၇၄ ရာခိုင်နှုန်းနှင့် ဆီကြိတ်ပဲပုပ်အနေဖြင့် ဆီဖူလုံမှု ၃ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ကြောင်း တွက်ချက်ရရှိပါသည်။ ကြိတ်ဖတ်အနေဖြင့် နှမ်းဖတ်တန်ချိန် ၄ သိန်း ၆ သောင်း ကျော်နှင့် ပဲပုပ်ဖတ်တန်ချိန် ၇ သောင်းခန့် ထွက်ရှိကြောင်း တွက်ချက်ရရှိပါသည်။

နှမ်းနှင့် ပဲပုပ် တိုးချဲ့ထုတ်လုပ်ရာတွင် ကြုံတွေ့နိုင်သည့် အဟန့်အတားများ

၁၀။ နှမ်းသီးနှံ တိုးချဲ့စိုက်ပျိုးရာတွင် အောက်ပါ အခက်အခဲများကို ကြုံတွေ့ရနိုင်ပါသည်-

(က) အထွက်ကောင်းမျိုးများကို နှမ်းစိုက်တောင်သူများအားလုံးအတွက်လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ခြင်း၊

(ခ) စနစ်တကျနှမ်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို တောင်သူအားလုံးမှ လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ဂ) သီးညှပ်စိုက်ပျိုးခြင်း၊ ကြဲပက်စိုက်ပျိုးခြင်းနှင့် နှမ်းမွှန်းရာတွင် စနစ်တကျ မဆောင်ရွက်ခြင်းတို့ကြောင့် နှမ်းသီးနှံ တစ်ဧကသတ်မှတ်အပင်ဦးရေ ၁ သိန်းကျော် ဝင်ဆံ့အောင် စိုက်ပျိုးနိုင်မှုမရှိခြင်း သို့မဟုတ် အပင်ကျပ်ခြင်းတို့ကြောင့် အထွက်လျော့နည်းခြင်း၊

(ဃ) စုပ်ပိုးကာကွယ်နိမ်နင်းမှု အားနည်း၍ နှမ်းပွင့်သီးချိန်တွင် နှမ်းဖိုရောဂါ ကျရောက်ခြင်းကြောင့် အထွက်လျော့နည်းခြင်း၊

(င) နှမ်းစိုက်ဧရိယာအများစုသည် မိုးကောင်းသောက်ဒေသများတွင်ဖြစ်၍ နှမ်းသီးနှံရေလိုအပ်ချိန်တွင် ဖြည့်စွက်ရေပေးသွင်းနိုင်မှ မရှိခြင်းနှင့် ဓာတ်မြေဩဇာထည့်သွင်း စိုက်ပျိုးမှုမရှိခြင်း၊

(စ) ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများကြောင့် ပန်းပွင့်ချိန်တွင် မိုးခေါင်ခြင်းနှင့် မိုးများလွန်းခြင်းနှင့် ရိတ်သိမ်းချိန်တွင် မိုးများခြင်းကြောင့် သီးနှံအထွက် လျော့နည်းခြင်း၊

(ဆ) နှမ်းစိုက်ခင်းများတွင် ရေနတ်မြောင်းတူးဖော်သည့် အလေ့အထနည်းပါးခြင်း၊ ပေါင်ဖြင့် စိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် မိုးများသည့်ဒဏ်ကို ခံနိုင်ရည်နည်းခြင်းနှင့် နှမ်းရိုးမည်း ရောဂါကျရောက်ခြင်း၊

(ဇ) စက်မှုလယ်ယာစနစ် ကျင့်သုံးမှုအားနည်းခြင်းနှင့် လုပ်သားရှားပါးခြင်းကြောင့် ရိတ်သိမ်းချိန် လေလွင့်မှုများခြင်း၊

(ဈ) နှမ်းရိတ်ပြီး ပုံထားသည့် အလေ့အထကြောင့် နှမ်းအရည်အသွေးကျဆင်းပြီး ဈေးကောင်း မရရှိနိုင်ခြင်း၊

(ည) အထက်ပါအချက်များနှင့် ပတ်သက်၍ တောင်သူများအား ပညာပေးမည့် စိုက်ပျိုးပညာပေး ဝန်ထမ်းအရေအတွက် နှန့်သတ်ချက်ရှိနေခြင်း၊

(ဋ) ကန်ထရိုက်လယ်ယာစနစ် ကျင့်သုံးမှု အားနည်းခြင်း၊

(ဌ) စိုက်ပျိုးထုတ်လုပ်မှုစရိတ် သုံးစွဲမှု ကန့်သတ်ချက်များ ရှိနေခြင်း၊

(ဍ) တောင်သူအများစုမှာ စီးပွားဖြစ်စိုက်ပျိုးခြင်းထက် သွင်းအားစုအနည်းဆုံးဖြင့် မိသားစုဆီဖူလုံမှုအတွက်သာ နှမ်းသီးနှံကို စိုက်ပျိုးကြခြင်းကြောင့် တစ်ဧကအထွက်နှုန်း နည်းပါးရခြင်း။

၁၁။ ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးရာတွင် အောက်ပါ အဟန့်အတားများကို ကြုံတွေ့ရနိုင်ပါသည်-

(က) ပဲပုပ်သည် အမယ်သစ် ဆီထွက်သီးနှံဖြစ်၍ စိုက်ဧရိယာနှင့် အထွက်နှုန်း နှစ်မျိုးလုံး တိုးတက်ရေးဆောင်ရွက်ရန် လိုအပ်နေသေးခြင်း၊ ***စာမျက်နှာ ၁၇ သို့***

စာမျက်နှာ ၁၆ မှ

(ခ) တိုးချဲ့စိုက်ပျိုးလိုသည့် ဆီထွက်ပဲပုပ်မျိုးများ လုံလောက်စွာ ထုတ်လုပ်ပေးရန် လိုအပ်ခြင်း၊

(ဂ) အရည်အသွေးမြင့်ပြီး အထွက်ကောင်းသော မျိုးစေ့များကို တောင်သူများ အလွယ်တကူဝယ်ယူရရှိရန် ခက်ခဲခြင်း၊

(ဃ) တစ်ကေ အထွက်နှုန်းတိုးတက်ရန် စနစ်တကျ ပဲပုပ်စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နိမ့်နင်းနည်းများကို တောင်သူများ လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း၊

(င) သွင်းအားစု သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို စနစ်တကျ ထည့်သွင်းရန် လိုအပ်ခြင်း၊

(စ) မိုးပဲပုပ်စိုက်ပျိုးရာတွင် ရိတ်သိမ်းပြီးချိန်၌ အမိုးအကာအောက်တွင် ထားရှိရန် အခက်အခဲရှိခြင်း၊

(ဆ) စိုက်ပျိုးချိန် သို့မဟုတ် ပန်းပွင့်ချိန်တွင် ရေဝပ် ခြင်း၊ မိုးခေါင်ခြင်း၊ မိုးလွန်မှုနှင့် အပူချိန်လွန်ကဲခြင်းတို့ကြောင့် သီးပွင့်မှု နည်းပါးသွားခြင်း၊ ရာသီမရွေးမိုးရွာသွန်းမှုကြောင့် အထွက်နှုန်းနှင့် အရည်အသွေးကျဆင်းရခြင်း၊

(ဇ) ဆောင်းပဲပုပ်စိုက်ပျိုးရာတွင် ရေလိုအပ်ချိန်၌ ရေပေးသွင်းနိုင်ရန် လိုအပ်ခြင်း၊

(ဈ) စက်မှုလယ်ယာစနစ်ကျင့်သုံးမှုအားနည်းခြင်းနှင့် လုပ်သားရှားပါးခြင်းကြောင့် ရိတ်သိမ်းချိန် လေလွင့်မှုများခြင်း၊

(ည) ယင်ဖြူ၊ ပဲပုပ်သံချေးရောဂါ (Rust) နှင့် ဗိုင်းရပ်စ်ရောဂါများ ပျံ့နှံကျရောက်မှုကြောင့် အထွက်နှုန်းပျက်စီးရခြင်း၊

(ဋ) ပဲပုပ်သီးနှံသည် နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်စ်ဓာတ် လုံလောက်စွာရရှိရန် လိုအပ်ပြီး စိုက်ပျိုးဧဒေတွင် သဘာဝ အဏုဇီဝ (ဆီဇိုဗီယမ်) နည်းပါးပါက ပန်းပွင့်သီးကင်း ဝင်ရောက်မှုနည်းခြင်း၊

(ဌ) အထက်ပါအချက်များနှင့် ပတ်သက်၍ တောင်သူများအား ပညာပေးမည့် စိုက်ပျိုးပညာပေး ဝန်ထမ်းအရေအတွက် ကန့်သတ်ချက်ရှိနေခြင်း၊

(ဍ) ကန်ထရိုက်လယ်ယာစနစ် ကျင့်သုံးမှု အားနည်းခြင်း၊

(ဎ) စိုက်ပျိုးထုတ်လုပ်မှုစရိတ် သုံးစွဲမှု ကန့်သတ်ချက်များရှိနေခြင်း၊

(ဏ) ပြည်ပမှ တင်သွင်းသော ပဲပုပ်ဆီ/ပဲကြိတ်ဖတ်ဈေးနှုန်းများနှင့် ပြည်တွင်း ပွဲရုံဈေးနှုန်းများ အပြောင်းအလဲရှိခြင်း။

နှမ်းနှင့်ပဲပုပ် တိုးချဲ့ထုတ်လုပ်ရာတွင် ဆောင်ရွက်ရန်အချက်များ

၁၂။ နှမ်းသီးနှံ ထုတ်လုပ်မှု တိုးတက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါမည်–

(က) မိသားစုဖူလုံမှုအတွက်သာ နှမ်းစိုက်ပျိုးသော တောင်သူများအား စီးပွားဖြစ် စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ခ) ဒေသမျိုးများအစား ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများဖြင့် အစားထိုး ဆောင်ရွက်ပေးခြင်း၊

(ဂ) မြေတွင်းအစိုဓာတ်ထိန်းသည့် နည်းလမ်းများ အသုံးပြုစိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊ တောင်သူစိုက်ခင်းများတွင် ရေပြေးစီမံကိန်းများဖြင့် လက်တွေ့ဆောင်ရွက်ပြသခြင်း၊

(ဃ) စိုက်ခင်းတွင်း မိုးရေစုဆောင်းသော နည်းလမ်းများဖြင့် ရွာသွန်းသောမိုးရေကို စိုက်ခင်းအောက် မြေဆီလွှာထဲတွင် ထိန်းသိမ်းသုံးလှော်နိုင်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်စေခြင်း၊

(င) သီးနှံထွက်ကုန်များ အရည်အသွေး ပြည့်မီရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် သီးနှံအရည်အသွေး ထိန်းသိမ်းရေး၊ စံချိန်စံညွှန်းများကို တောင်သူများ သိရှိနားလည်စေရန် ပညာပေးခြင်း၊

(စ) နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက် ချိတ်ဆက်မှုတို့ကို အတူတကွ ဆောင်ရွက်နိုင်မည့် ကန်ထရိုက်လယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပေးခြင်း။

၁၃။ ပဲပုပ်သီးနှံ ထုတ်လုပ်မှုတိုးတက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါမည်–

(က) ဆီထွက်ပဲပုပ်စိုက်ဧရိယာ တိုးချဲ့နိုင်ရန် တောင်သူများအား စည်းရုံးခြင်း၊

(ခ) တိုးချဲ့စိုက်ပျိုးသည့် ဧရိယာများအတွက် မျိုးကောင်းမျိုးသန့် လုံလောက်စွာ ပံ့ပိုးပေးခြင်း၊

(ဂ) သက်တမ်းတိုပြီး ဆီပါဝင်မှု မြင့်မားသော မျိုးများကို တိုးချဲ့သုံးစွဲခြင်း၊

(ဃ) နိုက်ထရိုဂျင် ဖမ်းယူပေးသည့် ရိုင်ဇိုဗီယမ် (Rhizobium) ဇီဝမြေဩဇာဖြင့် မျိုးစေ့လူးနယ်စိုက်ပျိုးရန် ပညာပေးခြင်း၊

(င) စိုက်ခင်းအတွင်း ရေမဝပ်စေရန် ရေထုတ်မြောင်းများ ကြိုတင်ပြုလုပ်ထားပြီး ပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်တွင် ရေလုံလောက်စွာရရှိအောင် စီမံဆောင်ရွက်ခြင်း၊

(စ) ပိုးသတ်ဆေးအသုံးပြုမှု လျော့ချပြီး ဘက်စုံ ပိုးမွှားကာကွယ်နည်းစနစ် အသုံးပြုစေခြင်း၊

(ဆ) ရောဂါပိုးမွှားများ၏ သံသရာကို ဖျက်ဆီးရန် စပါး၊ အစေ့ထုတ်ပြောင်း သို့မဟုတ် နှစ်ဆ သီးနှံများနှင့် သီးလှည့်စိုက်ပျိုးခြင်း၊

(ဇ) သီးနှံထွက်ကုန်များ အရည်အသွေးပြည့်မီရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် သီးနှံအရည်အသွေး ထိန်းသိမ်းရေး၊ စံချိန်စံညွှန်းများကို တောင်သူများ သိရှိနားလည်စေရန် ပညာပေးခြင်း၊

(ဈ) နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက် ချိတ်ဆက်မှုတို့ကို အတူတကွဆောင်ရွက်နိုင်မည့် ကန်ထရိုက်လယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း။

ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စစ်လျှင်းသည့် အကြံပြုချက်

၁၄။ ဆီထွက်သီးနှံနှမ်းနှင့်ပဲပုပ်တိုးချဲ့ထုတ်လုပ်ရေး အတွက် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်မှ ၂၀၃၁–၂၀၃၂ အထိ (၅) နှစ်စီမံချက်ဖြင့် ဆောင်ရွက်မည်ဆိုပါက အောက်ပါအဆင့်များဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်–

ခုနှစ်	ဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းများ
၂၀၂၇–၂၀၂၈	ပဲပုပ်မျိုးထုတ်လုပ်ခြင်းဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ ပွားများခြင်းနှင့် စမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပဲပုပ်စိုက်ဧရိယာတိုးတက်ရန်အတွက် ဝင်ငွေနည်းသည့် သီးနှံများနေရာတွင် အစားထိုးစိုက်ပျိုးနိုင်ရန် တောင်သူများအား စည်းရုံးခြင်းနှင့် သီးထပ်စိုက်ပျိုးနိုင်မည့်ဧရိယာများ ဖော်ထုတ်စိုက်ပျိုးစေခြင်း၊ အထွက်နှုန်းကျဆင်းနေသော နှမ်းမျိုးများအစား အထွက်ကောင်းပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် မျိုးများကို ရွေးချယ်ခြင်းနှင့် မျိုးထိန်းသိမ်းခြင်း၊ ပဲပုပ်နှင့် နှမ်းကို ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးတတ်စေရန် စိုက်ပျိုးနည်းစနစ်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
၂၀၂၈–၂၀၂၉	နှမ်းနှင့် ပဲပုပ်ကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ရေးဆွဲခြင်း၊ သီးနှံအာမခံစနစ် ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း၊ ယခင်နှစ်က စတင်ခဲ့သည့် သုတေသနလုပ်ငန်းများ၊ စိုက်ဧရိယာ တိုးချဲ့ရေးလုပ်ငန်းများ၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။
၂၀၂၉–၂၀၃၁	နှမ်းနှင့် ပဲပုပ်ကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ရေးဆွဲခြင်း၊ သီးနှံအာမခံစနစ် ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း၊ ဆီထွက်သီးနှံ အထူးဖွံ့ဖြိုးရေးဇုန်များ သတ်မှတ်ခြင်း၊ တန်ခိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအတွက် MSME လုပ်ငန်းများနှင့် ညှိနှိုင်းခြင်း၊ ကန်ထရိုက် လယ်ယာစနစ် အကောင်အထည်ဖော်ရန် လုပ်ငန်းရှုပ်ရှက်များနှင့် တောင်သူများအား ချိတ်ဆက်ပေးခြင်းဖြင့် ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းများ၊ စိုက်ဧရိယာတိုးချဲ့ရေးလုပ်ငန်းများ၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။
၂၀၃၁–၂၀၃၂	ဆီထွက်သီးနှံအထူးဖွံ့ဖြိုးရေးဇုန်များ အကောင်အထည်ဖော်ခြင်း၊ ဆီနှင့်ကြိတ်ဖတ်တင်သွင်းမှုအစား ပြည်တွင်းတွင်ထုတ်လုပ်သည့် ဆီနှင့်ကြိတ်ဖတ်များဖြင့် အစားထိုးသုံးစွဲခြင်းနှင့် ပြည်ပတင်ပို့ခြင်းမူဝါဒနှင့် ဆီကြိတ်စက်များနှင့် MSME လုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊ မျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း။

သုံးသပ်ချက်

၁၅။ နှမ်းနှင့် ပဲပုပ်သီးနှံကို တိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီလိုအပ်ချက်၊ တိရစ္ဆာန်အစာ လိုအပ်ချက်၊ အခြားစားသုံးမှုများနှင့် စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် ပြည်တွင်း တွင်ထွက်ရှိသည့် ကုန်ကြမ်းကို လုံလောက်စွာ သုံးစွဲနိုင်ခြင်းနှင့် ပို့ကုန်သည့်ပမာဏကို ပြည်ပတင်ပို့ခြင်း ဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်ခြင်း အကျိုးရလဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ နှမ်းသီးနှံ တိုးချဲ့ထုတ်လုပ်ရာတွင် စိုက်ဧရိယာ တိုးချဲ့ခြင်းအစား တစ်ဧကာ အထွက်နှုန်း တိုးတက်စေခြင်းဖြင့် ဦးစားပေးဆောင်ရွက်သင့်ပါသည်။ တစ်ဧကာအထွက်နှုန်း တိုးတက်ရေးအတွက် နှမ်းစိုက်တောင်သူများ၏ အားထုတ်မှုသည် အဓိကကျသော်လည်း တောင်သူများ လိုအပ်သည့် မျိုး၊ သွင်းအားစုများ၊ စိုက်ပျိုးရေး၊ စိုက်ပျိုးနည်းစနစ်၊ ထုတ်ကုန်အတွက် ဈေးကွက်၊ တောင်သူများ စီးပွားရေး တွက်ခြေကိုက်မည့် သီးနှံဈေးနှုန်းနှင့် လုပ်သာကိုင်သာရှိစေမည့်အခြေအနေများ ပြည့်စုံမှသာ အဆိုပါသီးနှံကို ရေရှည်စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။

ပဲပုပ်သီးနှံ တိုးချဲ့ထုတ်လုပ်ရာတွင် လက်ရှိ စိုက်ပျိုးလျက်ရှိသည့် ပဲပုပ်စိုက်ဧရိယာများကို ဆီထွက်ပဲပုပ်ဖြင့် လွှမ်းခြုံနိုင်ပါက ပြည်တွင်းဆီဖူလုံမှုနှင့် တိရစ္ဆာန်အစာလိုအပ်ချက်တို့ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ပါမည်။ နှမ်းသီးနှံနည်းတူ ပဲပုပ်စိုက်ပျိုးသူ တောင်သူများအတွက်လည်း မျိုး၊ သွင်းအားစုများ၊ စိုက်ပျိုးရေး စိုက်ပျိုးနည်းစနစ်၊ ထုတ်ကုန်အတွက် ဈေးကွက်၊ တောင်သူများ စီးပွားရေး တွက်ခြေကိုက်မည့် သီးနှံဈေးနှုန်းနှင့် လုပ်သာကိုင်သာရှိစေမည့်အခြေအနေများ လိုအပ်မည်ဖြစ်သဖြင့် နိုင်ငံတော်၏မူဝါဒဆိုင်ရာ ပံ့ပိုးမှု၊ ကြီးကြပ်လမ်းညွှန်မှုနှင့် သီးနှံတန်ဖိုးကွင်းဆက်တွင် ပါဝင်သူအားလုံးက မိမိတို့သက်ဆိုင်ရာကဏ္ဍမှ တောင်သူများနှင့် ချိတ်ဆက်မှုကောင်းစွာ ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အရည်အသွေးကောင်းမွန်သော သီးနှံများတိုးချဲ့ထုတ်လုပ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

နိဂုံး

၁၆။ ပြည်တွင်းစားသုံးဆီပူလုံစေရန်နှင့် ပြည်ပတင်ပို့မှု တိုးတက်ရန် ရည်မှန်းချက်ပြည့်မီရေးအတွက် ဆီထွက်သီးနှံများကို ထုတ်လုပ်မှုတိုးချဲ့ခြင်းဖြင့် ဆောင်ရွက်ရာ၌ထုတ်လုပ်မှုပမာဏသာမက ထုတ်ကုန် အရည်အသွေးကောင်းမွန်ရေးကိုလည်း ထုတ်လုပ်မှု အဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်း ဖြင့် ပြည်တွင်းဆီထွက်သီးနှံကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာကာ တောင်သူများ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ အာဟာရဖူလုံရေးနှင့် စိုက်ပျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှေ့ည်အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ။

❖ ❖ ❖

ကွန်ကရစ်တံတားနှင့် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်



ပင်းတယ နိုဝင်ဘာ ၇

ပင်းတယမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းဖြင့် ပွေးလှကျေးရွာလမ်းပေါ်ရှိ ကွန်ကရစ်တံတား ပေ ၄၀ တည်ဆောက်နေခြင်း။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းဖြင့် ဘုရားဖြူ – နန်ကုန်းလမ်းကျောက်မှကတ္တရာလမ်း (၀/၃ မိုင်) ခင်းခြင်းနှင့် တမဲရွာတွင်းလမ်း (၀/၄ မိုင်) ခင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၅ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဇော်မျိုးထွေး အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

မိုင်းဆတ်မြို့ ဥာဏ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

မိုင်းဆတ် နိုဝင်ဘာ ၇

မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နိုဝင်ဘာ ၅ ရက်က ဥာဏ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြီး စကားပုံဆက်ပြိုင်ပွဲ၊ အင်္ကလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ဥာဏ်စမ်းပြိုင်ပွဲများ ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်)မှ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ခင်းကျင်းပြသထားသည့် အသိပညာပေးဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

ဘီးလင်းမြို့နယ်၌ တောင်သူများ စက်သုံးဆီလွယ်ကူစွာ ဝယ်ယူနိုင်ရေး ဆွေးနွေး

ဘီးလင်း နိုဝင်ဘာ ၇

ဘီးလင်းမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် စက်သုံးဆီ အရောင်းဆိုင်ရှင်များနှင့် တွေ့ဆုံပွဲကို နိုဝင်ဘာ ၅ ရက်က ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမင်းမြင့်မောင်လေးနှင့် ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးတို့ တက်ရောက်ပြီး တွေ့ဆုံပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်



ဆည်မြောင်း၀န်ကြီးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးရိတ်သိမ်းရာတွင် လိုအပ်သည့် စက်သုံးဆီများကို တောင်သူများ အလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် စက်သုံးဆီ ဆိုင်များအနေဖြင့် လယ်ယာမြေ တစ်ကေလျှင် စက်သုံးဆီသုံးဂါလန် နှုန်းဖြင့် လည်းကောင်း၊ ပရိမိယမ်ဒီဇယ်ကို တစ်လီတာလျှင် သတ်မှတ်ရည်ညွှန်းစျေးနှုန်းဖြင့် လည်းကောင်း သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်များဖြင့် ရောင်းချပေးရန် ဆွေးနွေးပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းရောထိုက်က ကျေးရွာအလိုက် စက်သုံးဆီ ခွဲတမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



ချမ်းမြသာစည်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက သံဃာတော်များနှင့် သာမဏေ အပါး ၃၀၀ အား ဆွမ်းဟင်းလျာများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို စုပေါင်းလောင်းလှူစဉ်။

ရှိုးသီဟမိုး(ပြန်/ဆက်)

ပန်းတောင်းမြို့နယ် သမဝါယမအသင်းစု၏ အမှုဆောင်သစ်ရွေးချယ်

ပန်းတောင်း နိုဝင်ဘာ ၇

ပန်းတောင်းမြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို နိုဝင်ဘာ ၅ ရက်က ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာနခွဲ ကျင်းပရာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေလင်းညို တက်ရောက်ပြီး သမဝါယမအသင်း၌ပဒေကို ပြင်ဆင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏အမှုဆောင်ဒါရိုက်တာ ငါးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့



အား တက်ရောက်လာကြသော အသင်းသားများ၏ အဆိုပြုထောက်ခံချက်များအတိုင်း ရွေးချယ်အတည်ပြုခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



ဝမ်းတွင်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့်တပ်ဖွဲ့ဝင်များက သဲတော အမှတ်(၁)ရပ်ရိုကြူကြူ လက်ဖက်နှင့်ပဲကြော်လုပ်ငန်းကို မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့်အကြံပြုခြင်း၊ အသိပညာပေးခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများကို နိုဝင်ဘာ ၅ ရက်က ဆောင်ရွက်စဉ်။

ကိုအောင်

မိုင်းရယ်မြို့နယ်ရှိ ကျေးရွာများ၌ အယ်လ်နီညိုဖြစ်စဉ်ကာလ ရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး

မိုင်းရယ် နိုဝင်ဘာ ၇

မိုင်းရယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများတွင် အယ်လ်နီညို ဖြစ်စဉ်ကာလ ရေပြတ်လပ်မှု မရှိစေရေးအတွက် ကွင်းဆင်းအသိပညာပေးခြင်းကို နိုဝင်ဘာ ၅ ရက်က ကောင်းဆာကျေးရွာခန်းမ၌ ပြုလုပ်ရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ဝင်းဦးဦးနှင့်



ဝန်ထမ်းများက ကောင်းဆာကျေးရွာရှိပြည်သူများအား အယ်လ်နီညို စတင်ဖြစ်ပွားရာနေရာ၊ ကမ္ဘာ့လူဦးရေနှင့်နိုင်ငံများ အပေါ် အကျိုးသက်ရောက်မှု၊ မြန်မာနိုင်ငံတွင် ကြုံတွေ့လာရနိုင်သည့် အခြေအနေ၊ မိမိတို့မြို့နယ်၊ကျေးရွာတွင် ကြိုတင်ပြင်ဆင်ထားရမည့် အချက်များနှင့် လိုက်နာရန်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး အဆိုပါကျေးရွာ၌ ရေပြတ်လပ်မှု မရှိစေရန်အတွက် ရေကြိုတင်သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် နိုဝင်ဘာ ၄ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်စဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

ဥတ္တရသီရိမြို့နယ်၌ သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာနှင့် ပိတက်ကျေးရွာတို့၌ အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အတွက် တူးဖော်ထားခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှု အခြေအနေနှင့် သောက်သုံးရေဖွလုံစွာရရှိစေရေးအတွက် ယမန်နေ့က နေပြည်တော်တိုင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးမောင်နှင့် ဝန်ထမ်းများက ဘုရားတောင်ကျေးရွာနှင့် ပိတက်ကျေးရွာတို့၌ အယ်လ်နီညိုကျရောက်ပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှု အခြေအနေများ၊ ဌာနမှ ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ဒေသခံပြည်သူများကို ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းသုံးစွဲရန် ဆွေးနွေးပြောကြားပြီး ပြည်သူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သူသူငြိမ်း(ကျေးလက်)



သာစည်မြို့နယ် မီးသတ်စခန်း၌ သင့်လေးသင့်နှင့် စခန်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို နိုဝင်ဘာ ၅ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းကြည့်ရှုစစ်ဆေးစဉ်။

ထွန်းထွန်း(သာစည်)

ထန်းတပင်မြို့နယ်၌ အယ်လ်နီညိုကာလ အပူဒဏ်သက်သာစေရေး ပြည်သူ့ဆေးရုံများ၌ ကြိုတင်ပြင်ဆင်ထားရှိ

ထန်းတပင်(ပဲခူး) နိုဝင်ဘာ ၇

ထန်းတပင်မြို့နယ်၌ အယ်လ်နီညိုကာလအတွင်း ဘေးအန္တရာယ်



လျော့ပါးစေရေးအတွက် ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

အယ်လ်နီညိုအပူဒဏ်ကြောင့် ရောက်ရှိလာသူများအား သက်သာစွာ နေထိုင်နိုင်ရန် ခင်းကျင်းထားရှိပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်စေရေးအတွက် လေပန်ကာများ တပ်ဆင်ပေးထားခြင်း၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ထားပေးခြင်းနှင့် လက်ခံကုသပေးနိုင်ရန် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းပြင်ဆင်ထားရှိပေးခြင်း၊ အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်း လမ်းညွှန်နှင့် အညီ ဆောင်ရွက်ကုသမှုပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ ဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်ခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်း၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၆ ရက်က ကဝမြို့မဈေးကြီးနှင့် သက္ကလမြို့မဈေးကြီးအတွင်းတို့၌ ဆောင်ရွက်စဉ်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

သရက်မြို့နယ်အတွင်း ကျေးရွာ ၂၁ ရွာ၌ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး အသိပညာပေး

သရက် နိုဝင်ဘာ ၇

သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်



ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၆ ရက်က သရက်မြို့နယ်အတွင်း ကျေးရွာ ၂၁ ရွာသို့ သွားရောက်၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ၊ အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက်သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ ရေကို ကြိုတင် စုဆောင်းထားရှိရန်၊ ရေကို စနစ်တကျချွေတာသုံးစွဲကြရန်နှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဆက်လူ

မြိတ်မြို့နယ် အင်းလေးကမ်းကျေးရွာ၌ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မြိတ် နိုဝင်ဘာ ၇



မြိတ်မြို့နယ်၌ အယ်လ်နီညို အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အင်းလေးကမ်းကျေးရွာ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ခင်အေးက အယ်လ်နီညို ရာသီဥတုကြောင့် သောက်သုံးရေ ပြတ်လပ်မှု ဖြစ်ပေါ်ပါက ဌာနမှ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အယ်လ်နီညိုသက်ရောက်မှုများကိုကြိုတင် ကာကွယ်နိုင်ရန် အချက်များ၊ အယ်လ်နီညို ဖြစ်ပွားချိန်တွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အယ်လ်နီညို ရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်နိုင်မှုအတွက် သတိပေးနှိုးဆော်ချက် ပိုစတာများကို ကျေးရွာ တာဝန်ရှိသူများထံ ဖြန့်ဝေပေးသည်။

အထွေး

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆိုင်ကယ်စီးဦးထုပ် အခမဲ့ပေးဝေပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော် ဇမ္ဗူသိရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအနီး ပျဉ်းမနား-တောင်ညို လမ်းမကြီးပေါ်တွင် နိုဝင်ဘာ ၄ ရက်က ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီးသန့်ဇင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်စီးနင်းအသုံးပြုသူ ပြည်သူများအား ဆိုင်ကယ်စီးဦးထုပ် ၁၅၀၊ ဆိုင်ကယ်နောက်ရောင်ပြန်စတေကာ ၂၅၀၊ လက်ကမ်းစာစောင် ၂၅၀ တို့ကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ဆိုင်ကယ်စီးနင်းသူများအား စုစည်း၍ ဆိုင်ကယ်စီးဦးထုပ် မဆောင်းခြင်း၏ ဘေးထွက်ဆိုးကျိုးများ၊ ယာဉ်မတော်တဆမှုအများဆုံး ဖြစ်စေနိုင်သည့် ဦးစားပေးမောင်းနှင်ရမည့် လမ်းစည်းကမ်းအကြောင်း အရာများကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ဟောပြောခဲ့သည်။

သူဇာလှိုင်(စကိမှ)



ကျောက်ကြီးမြို့နယ်၌ အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ကျောက်ကြီး နိုဝင်ဘာ ၇



ကျောက်ကြီးမြို့နယ်၌ ယမန်နေ့ နံနက်ပိုင်းက ဆိပ်ကြီးကျေးရွာတွင် အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှု ဆောင်ရွက်ခဲ့သည်။

အဆိုပါ လှုပ်ရှားမှုတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းရီနှင့် တာဝန်ရှိသူများက ဆိပ်ကြီးကျေးရွာရှိလူစည်ကားရာ နေရာများတွင် အပူဒဏ်အန္တရာယ်၊ ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှု ကြောင့် မသန့်ရှင်းသော ရေနှင့် အစားအစာများမှ ကူးစက်ဖြစ်ပွားနိုင်သော ရောဂါများ၊ ခြင်ပေါက် ပွားမှု များပြားခြင်းကြောင့် ဖြစ်ပေါ်သော ကူးစက်ရောဂါများ၊ ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးလောင်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအား ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျေးရွာအတွင်းရှိ ရေအရင်းအမြစ်များ ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်(ပြန်/ဆက်)

ပန်းတနော်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းကုသိုလ်ပြု

ပန်းတနော် နိုဝင်ဘာ ၇

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၅ ရက်က ပန်းတနော်မြို့နယ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများသည် ပြည်လုံးချမ်းသာဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းခြင်း၊ လိုအပ်သော ဆေးဝါးများလှူဒါန်းခြင်း၊ အောင်သပြေဘိုးဘွားရိပ်သာသို့ သွားရောက်ကာ ရိပ်သာရှိ ဘိုးဘွားများအား အာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်းနှင့် ဆေးပေဒေသာပင်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကျောက်ကြီးမြို့နယ်၌ ဝက်သက်၊ ဂျုံက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်း အသိပညာပေး



ကျောက်ကြီး နိုဝင်ဘာ ၇

ကျောက်ကြီးမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက ဝက်သက်၊ ဂျုံက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းကို လူစည်ကားရာနေရာများနှင့် မြို့ပေါ်ရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာအုပ်စုများသို့ အသိပေးနှိုးဆော်ခဲ့သည်။

အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များအား နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အတွင်း သက်ဆိုင်ရာ ကာကွယ်ဆေးထိုးစုရုပ်များတွင် ဝက်သက်၊ ဂျုံက်သိုးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ချောင်းဆုံမြို့နယ်၌ အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ချောင်းဆုံ နိုဝင်ဘာ ၇

ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာ (ထက်၊ လယ်၊ မူ)ကျောင်းများမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်က ချောင်းဆုံ(အထက) ကျောင်း၌ ပြုလုပ်သည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၁၁ ကျောင်းမှ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် Grade-5 မှ Grade-9 အထိ ကျောင်းသား ကျောင်းသူ ၃၀၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို ရေးဖြေဖြေဆိုခြင်းနှင့် နှုတ်ဖြေဖြေဆိုခြင်းတို့ကို နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)



ဝိုင်းမော်မြို့၌ ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပညာပေး

ဝိုင်းမော် နိုဝင်ဘာ ၇

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ အသက် ၉ လမှ ၅ နှစ် အောက် ကလေးငယ်များအား ဝက်သက်၊ ဂျုံက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လှုပ်ငန်းအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်က ပြည်သူ့ကျန်းမာရေးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသိန်းမြို့နှင့် တာဝန်ရှိသူများက ဝက်သက်၊ ဂျုံက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းစီမံချက်အကြောင်း၊ အာဟာရဖွံ့ဖြိုးရေးလှုပ်ငန်း အကြောင်း၊ ကာကွယ်ဆေးထိုးနှံမည့်အစီအစဉ်များကို ရှင်းလင်း ဆွေးနွေးသည်။

ဝက်သက်၊ ဂျုံက်သိုး ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၉ မှ ၁၃ ရက်အထိ ထပ်ဆောင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆီး(ပြန်/ဆက်)



ကျောက်တံခါးမြို့နယ်၌ ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပညာပေး

ကျောက်တံခါး နိုဝင်ဘာ ၇

ကျောက်တံခါးမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျင်ဆန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာစည်သူစန်းက မြို့နယ်အတွင်းရှိကျေးရွာများအရောက် ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးမည့် နည်းလမ်းများကို ဆွေးနွေးပေးခဲ့သည်။

မျိုးမင်း(ပြန်/ဆက်)

အခြေခံပညာအလယ်တန်းအဆင့် စာရိတ္တနှင့်ပြည်သူနိတိဘာသာရပ်နှင့် ဥပဒေဆိုင်ရာသင်ခန်းစာ ဆွေးနွေး

ပုသိမ် နိုဝင်ဘာ ၇



အခြေခံပညာအလယ်တန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နိတိဘာသာရပ်၊ ဥပဒေဆိုင်ရာ သင်ခန်းစာတိုင်းဒေသကြီးအဆင့်ဆွေးနွေးပွဲကို ယမန်နေ့က ပုသိမ်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျောင်းသားလူငယ်များအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းလိုစိတ်၊ လူ့ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်များကို သိရှိနားလည်စေပြီး လူမှုအသိုက်အဝန်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်တတ်စေရေး အတွက် အလယ်တန်းအဆင့် သင်ရိုးတွင် စာရိတ္တနှင့်ပြည်သူနိတိဘာသာရပ်ကို ထည့်သွင်း သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ဥပဒေဆိုင်ရာ သင်ခန်းစာများကို သိရှိပြီး ယဉ်ကျေးမှုရှိသော ကျောင်းသားလူငယ်များ ဖြစ်လာပြီး မိမိကိုယ်သာမက မိသားစု၊ ကျောင်းနှင့် လူ့အဖွဲ့အစည်းများကိုပါ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၂၆ မြို့နယ်မှ အခြေခံပညာ အလယ်တန်းအဆင့်သင် ဆရာ ဆရာမ ၁၃၅ ဦး တက်ရောက်ကြပြီး ဗဟို အဆင့်သင်တန်းဆင်း နည်းပြ အလယ်တန်းပြဆရာ ဦးညီဌေး ဦးဆောင်သည့် နည်းပြ ခြောက်ဦးတို့က နိုဝင်ဘာ ၆ ရက်မှ ၇ ရက် အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဝါးခယ်မမြို့နယ်၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမူလတန်းကြိုကျောင်းဖွင့်

ဝါးခယ်မ နိုဝင်ဘာ ၇



ဝါးခယ်မမြို့နယ်၌ ယမန်နေ့က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မူလတန်းကြိုကျောင်း ဆိုင်းဘုတ်ကို အမွေးနုံသာရည် ပက်ဖျန်းပေးခြင်း၊ ဘင်ခရာအဖွဲ့နှင့် ကရင်ဒုံးယိမ်းအမွဲများနှင့် မူကြို ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် ကလေးများအား အာဟာရရှိဆန်ပြုတ် ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မြသိန်းတန်ရပ်ကွက် မြို့ပတ်လမ်းရှိ ဒေါ်ပိုက်မိဘိုးဘွားရိပ်သာတွင် ရိပ်သာအတွက် ရန်ပုံငွေကျပ် ငါးသိန်း၊ ဘိုးဘွားများ တစ်နေ့တာ အာဟာရအတွက် ငွေကျပ်တစ်သိန်းငါးထောင်နှင့် ယောဂီဝတ်စုံများကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရီရီလွင်(ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်၌ သမဝါယမစနစ်ဖြင့် ကြက်ကောင်ရေ ၃၉၀၀၀ မွေးမြူထား

ကျိုက်ထို နိုဝင်ဘာ ၇



ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလိမ်တက်မှ ပြည်အား မာန်မွေးမြူရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းလိမ်တက်မှ ကြက်မွေးမြူရေး လုပ်ကိုင်သည့် အသင်းသားများအား မျိုး၊ အစာနှင့် ဆေးဝါးဖိုးထောက်ပံ့ပေးထားမှုကို ယမန်နေ့တွင် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က ပြည်အား မာန် မွေးမြူရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသားတိုးကြက် အကောင် ၃၃၀၀၀ နှင့် ဥစားကြက် အကောင် ၆၀၀၀ မွေးမြူထားသည့် အသင်းသား ခုနစ်ဦး၏ မွေးမြူရေး လုပ်ငန်းခွင်သို့ သွားရောက်ကာ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကြက်မွေးမြူသည့် အသင်းသားများအတွက် မြို့နယ် သမဝါယမ အသင်းစုလိမ်တက်က ပထမအကြိမ်အဖြစ် မျိုးနှင့် အစာ တန်ဖိုး ငွေကျပ် ၄၈၇ သိန်းကို ပံ့ပိုးပေးခဲ့ပြီး ယခုအခါ မွေးမြူရေး လုပ်ငန်း ပိုမိုအဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ထပ်မံ၍ အစာနှင့်ဆေးဝါး တန်ဖိုးငွေကျပ် ၄၃၆ သိန်းကို ထပ်မံပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

နတ်မောက်မြို့နယ်၌ စာဖတ်ရှုနိုးမြှင့်တင်ရေးဆောင်ရွက်

နတ်မောက် နိုဝင်ဘာ ၇



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နတ်မောက်မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျောင်းသား ကျောင်းသူများအတွက် စာဖတ်သူလူငယ်များ၏အနာဂတ် တောက်ပရမည် (Young Readers, Bright Future) အစီအစဉ်ကို ယမန်နေ့က ကျင်းပရာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်၊ ဒေါ်သိမ့်သိမ့်မိုးဦး ဦးစီးအရာရှိ(တွဲဖက်)နှင့် တာဝန်ရှိသူများက စာဖတ်စိန်ခေါ်ပွဲများ၊ စာအနှစ်ချုပ် ရေးသားခြင်းများနှင့် စာကြည့်တိုက်သို့ လာရောက်ပြီး အသင်းဝင်ရောက်၍ စာအုပ်များငှားရမ်းနိုင်ကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသားများက လူငယ်စာပေကလပ်များသို့ ဝင်ရောက်ခြင်းနှင့် စာကြည်တိုက်သို့ အသင်းဝင်ရောက်ခြင်း၊ မိမိတို့စိတ်ကြိုက် စာအုပ်များ ရွေးချယ်ငှားရမ်းကာ ရက်ပေါင်း ၃၀ အတွင်း စာဖတ်စိန်ခေါ်မှုပြိုင်ပွဲအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

လှဝင်း

ပန်းတောင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း



ပန်းတောင်း နိုဝင်ဘာ ၇

ပန်းတောင်းမြို့နယ် ရေဝင်ရွာလေးကျေးရွာ၌ ယမန်နေ့က တောင်သူဒေါ်တင်မြင့်၏ မိုးစပါး (မှော်ဘီ-၂) စံပြကွက်ရိတ်သိမ်းပွဲကို ကွင်းအမှတ် (၉၈)၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် တာဝန်ရှိသူများက စံပြစိုက်ခင်းအတွင်း မိုးစပါးရိတ်သိမ်းမှု အခြေအနေများနှင့် ဒေသခံတောင်သူများက မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ စနစ်တကျအသုံးပြုကာ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး အလေးထားစိုက်ပျိုးကြရန် မှာကြားသည်။

အဆိုပါ စံကွက် တစ်ဧကလျှင် စပါးအစို ၁၃၂ ဒသမ ၈၁ တင်း၊ စပါးအခြောက် ၁၁၉ ဒသမ ၈၁ တင်းထွက်ရှိကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)




ရေနံချောင်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ရေနံချောင်း နိုဝင်ဘာ ၇

ရေနံချောင်းမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ပညာပေးရုံးလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ချိုတို့က အခွန်ထမ်း မှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစနစ်၊ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ ပညာပေးရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခွန်ထမ်းလုပ်ငန်းရှင် ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုးကြီး(ပြန်/ဆက်)



မင်းလှမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အကြို စုပေါင်းသွေးလှူ

အထက်မင်းလှ နိုဝင်ဘာ ၇

မင်းလှမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းကို နိုဝင်ဘာ ၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ရာ ဝန်ထမ်း ၁၅ ဦးက သွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းသည့်ဝန်ထမ်းများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးစိန်ဝင်း၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက အားပြည့်အချိုရည်များနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



လမ်းမတော်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အခွန်ဦးစီးဌာနမှုးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေးရုံးလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က လမ်းမတော်မြို့နယ် အခွန်ဦးစီးဌာနမှုးရုံး၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သူဇာဝင်းတို့က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ကျော်ဆန်းမြင့်

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ရှိသူများ လယ်ဝေးမြို့နယ် ကျေးရွာများသို့ ကွင်းဆင်းလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာ အောင်ကြီးနှင့် ကော်မတီဝင်များ သည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ဒို့မြန်မာသမဝါယမအသင်း လီမိတက်၏ အသားတိုးနွား ၂၈ ကောင်နှင့် ဒေသနွားကောင်ရေ ၄၇၀ မွေးမြူရေးခြံသို့ ရောက်ရှိလေ့လာကြရာ ခြံတာဝန်ခံက နွားမွေးမြူရေးခြံ၏ လက်ရှိဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် သဲကောကြီးကျေးရွာရှိ အသားတိုးကြက် ၆၀၀၀ မွေးမြူထားသည့်ခြံသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ၏ အမျိုးသားရေးတန်ဖိုးနှင့် သမိုင်းတန်ဖိုးရှိသော မှတ်တမ်းမော်ကွန်းများကို သိရှိနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်စောနန်းနွယ်က အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မင်းမင်းလှိုင်က အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် သမိုင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်မှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား မော်ကွန်းတိုက်၏ စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းလုပ်ငန်း၊ မိုက်ကရိုဖလင် ရိုက်ကူးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ သုတေသီအထောက်အကူပြုလုပ်ငန်းနှင့် မော်ကွန်းပြခန်းများအကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများအား ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပ၍ အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။ စိမ်းလဲ့(ပြန်/ဆက်)

တံတားဦးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

တံတားဦး နိုဝင်ဘာ ၇

တံတားဦးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အင်းဝခန်းမ၌



ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးဌေးဦး၊ မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းနှင့် တံတားဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က သမဝါယမလုပ်ငန်းများ၊ တံတားဦးမြို့နယ် သမဝါယမအသင်းစု၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ ဘဏ္ဍာရေးအစီရင်ခံစာများနှင့် အမြတ်ခွဲဝေစာရင်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်သဘာပတိက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အခြေခံသမဝါယမအသင်းသို့ အစုပေါ်အမြတ်ငွေများကို ပေးအပ်ရာ အသင်းသား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်ဒါရိုက်တာနှင့် နာယကအဖွဲ့တို့ကို အခမ်းအနားတက်ရောက်သူများက ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ ရဲတင့်(ပြန်/ဆက်)

ပြည်မြို့နယ် သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ပြည် နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၅ ရက်က ပြည်မြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပရာ သဘာပတိ ပြည်မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းစိုးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမှုဆောင်ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားရှင်းလင်းသည်။



ထို့နောက် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေလင်းညီက အသင်းဝင်ကိုယ်စားလှယ်များအား သမဝါယမအသင်းစည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးပြီး အသင်းအမှုဆောင်ဒါရိုက်တာ ခုနှစ်ဦးနှင့် စာရင်းစစ် နှစ်ဦးတို့အား ရွေးချယ်ကာ တာဝန်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ အေးမိုး(ပြန်/ဆက်)

ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။



မင်းလှမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

အထက်မင်းလှ နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မင်းလှမြို့နယ် အခွန်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က ပြည်တွင်းအခွန်ဦးစီးဌာနက ကောက်ခံလျက်ရှိသော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ကိစ္စရပ်များ ပညာပေးရှင်းလင်းခြင်းနှင့် အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့်ရထိုက်သော အခွန်များ ရရှိစေရေး M-TRACES စနစ်ကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲသို့ အခွန်အထောက်အကူပြုအဖွဲ့နှင့် အခွန်ထမ်းလုပ်ငန်းရှင် ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



မူဆယ်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

မူဆယ် နိုဝင်ဘာ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို မူဆယ်မြို့ လွယ်တိန်ခမ်းတောင်ပေါ်ရှိ မိုင်းဖုန်းစေတီတော်ပရိဝုဏ်နှင့် ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးလှူဘဏ်၌ ယမန်နေ့က ပြုလုပ်ရာ မူဆယ်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများနှင့် ဝန်ထမ်းများက လွယ်တိန်ခမ်းတောင်ပေါ်ရှိ မိုင်းဖုန်းစေတီတော်ပရိဝုဏ်နှင့် လမ်းတစ်လျှောက်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြပြီး ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းသည်။ ထို့နောက် ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအား ကြက်ဥနှင့် အာဟာရပစ္စည်းများ ပေးအပ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



မုံရွာမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ PO ခွဲတမ်းရရှိမှု၊ သယ်ယူရောက်ရှိမှု၊ ဖြန့်ဖြူးရောင်းချမှုနှင့် သိုလှောင်ကန်လက်ကျန်ရှိမှုအခြေအနေများအား ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ နိုဝင်ဘာ ၇ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

ထိုင်းနိုင်ငံ၌ ပထမဆုံးအကြိမ် အေအိုင်နည်းပညာပြပွဲ ကျင်းပ

ဘန်ကောက် နိုဝင်ဘာ ၇

ထိုင်းနိုင်ငံ၌ ပထမဆုံးအကြိမ် ဉာဏ်ရည်တုနည်းပညာ (AI) ပြပွဲကို ကျင်းပလျက်ရှိကြောင်း သိရသည်။ အဆိုပါပြပွဲတွင် ထိုင်းကုမ္ပဏီများ တီထွင်ဖန်တီးထားသည့် နောက်ဆုံးပေါ် အေအိုင်နည်းပညာများကို အဓိကထားပြသလျက်ရှိသည်။

အဆိုပါပြပွဲကို လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်တွင် ဘန်ကောက်မြို့အနီး နွန်သာဘူရီပြည်နယ်၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပြပွဲတွင် စီးပွားရေးလုပ်ငန်းများနှင့် တက္ကသိုလ်များ အပါအဝင် အဖွဲ့အစည်း ၁၀၀ ခန့် ပါဝင်ပြသလျက်ရှိသည်။

iApp Technology ကုမ္ပဏီသည် ထိုင်းဘာသာစကားကို ကောင်းစွာနားလည်ပြီး အပြန်အလှန်စကားပြောတို့ပြန်နိုင်သည့် အေအိုင်နည်းပညာကို ပြသထားသည်။ ယင်းမှာ ထိုင်းဘာသာစကားဖြင့် မေးမြန်းဖြေကြားခြင်းနှင့် အခြားဝန်ဆောင်မှုများတွင် အသုံးပြုနိုင်ကြောင်း သိရသည်။ အဆိုပါ အေအိုင်မော်ဒယ်သည် အချက်အလက်များကို ထိုင်းနိုင်ငံအတွင်း အပြည့်အဝစီမံဆောင်ရွက်



ပေးနိုင်သဖြင့် အခြားနိုင်ငံအပေါ် အေအိုင်နည်းပညာမှီခိုနေရမှုကို လျော့ချနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ရောဘာပင်များမှ အစေးခြစ်ယူနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် စက်ရုပ်တစ်ရုပ်ကိုလည်း ပြသထားသည်။ ထို့ပြင် အေအိုင်နည်းပညာကို အသုံးပြု၍ ရုပ်ရင်းများထုတ်လုပ်နိုင်သည့် နည်းပညာကိုလည်း ပြသထားကြောင်း သိရသည်။ **အင်နှအိတ်ချ်ကေ**

အိကွေဒေါနိုင်ငံ၌ အယ်လ်နီညိုဈေး သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ခွဲဝေချထားပေး

ကီတို နိုဝင်ဘာ ၇

အိကွေဒေါနိုင်ငံတွင် စံချိန်တင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေသဖြင့် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်၏ သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော် ခွဲဝေချထားပေးခဲ့ကြောင်း သမ္မတနာနီရယ် နာဘိုအာက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ကီတိုမြို့အခြေစိုက် ရေဒီယိုအက်ဖ်အမ် ထံမှ အရေးပေါ်ချေးငွေရယူရေးကိုလည်း မွန်ဒိုနှင့်ပြုလုပ်သည့် မေးမြန်းခန်းတွင် သမ္မတ နာဘိုအာက အိကွေဒေါနိုင်ငံ၌ အယ်လ်နီညိုဈေး သက်ရောက်မှုများကို စက်တင်ဘာလ ကတည်းက စတင်ခံစားခဲ့ရကြောင်းနှင့် အဆိုး ရွားဆုံးအခြေအနေကို ယခုနှစ် ဒီဇင်ဘာလနှင့် လာမည့်နှစ် ဖေဖော်ဝါရီလအကြား ကြုံတွေ့ ရနိုင်ကြောင်း ပြောကြားသည်။

အိကွေဒေါအဓိုးရသည် လိုအပ်လာပါက ထပ်ဆောင်းရန်ပုံငွေများ ရရှိနိုင်ရန် ကမ္ဘာ့ဘဏ် ထံမှ အရေးပေါ်ချေးငွေရယူရေးကိုလည်း တောင်းဆိုထားသည်။

အိကွေဒေါနိုင်ငံသည် အယ်လ်နီညို ရာသီဥတုဖြစ်စဉ် အားကောင်းလာမှုကြောင့် ဩဂုတ် ၂၉ ရက်တွင် တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် အနီရောင်အဆင့်သတိပေးချက် ထုတ်ပြန်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းမှု ကြောင့် အရေးပေါ်အခြေအနေများကို ထပ်ခါတလဲလဲရင်ဆိုင်နေရကြောင်း သိရ သည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံ၌ လေထုအရည်အသွေး ဆိုးရွားလာသဖြင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေး အစီအမံများ တင်းကျပ်စွာချမှတ်

နယူးဒေလီ နိုဝင်ဘာ ၇

အိန္ဒိယနိုင်ငံ ဒေလီမြို့၌ လေထု အရည်အသွေး ဆိုးရွားလာသဖြင့် မြို့တော်နှင့် အနီးပတ်ဝန်းကျင် ဒေသများတွင် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေး အစီအမံများကို အစိုးရက နိုဝင်ဘာ ၆ ရက်တွင် တင်းကျပ်စွာ ချမှတ်ခဲ့သည်။

ယင်းအစီအမံများကို လေထု ညစ်ညမ်းမှု အခြေအနေအလိုက် အဆင့်ဆင့် တုံ့ပြန်ဆောင်ရွက် သည့် အစီအစဉ် (GRAP) အဆင့် (၃) အရ ဆောင်ရွက်ခြင်းဖြစ်သည်။ မြို့တော်တစ်ဝန်း လေထုညစ်ညမ်း မှုအဆင့် တဖြည်းဖြည်းမြင့်တက် လာခြင်းနှင့် ရာသီဥတု အခြေအနေများ အဆင်မပြေမှု၊ လေထုညစ်ညမ်းစေသည့် အမှုန် အမွှားများ လေထုအတွင်း ပျံနှံ့ ပျောက်ကွယ်နိုင်မှု အားနည်းခြင်း တို့ကြောင့် ယခုကဲ့သို့ ဆုံးဖြတ် ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ မြို့တော်နှင့် အနီးပတ်ဝန်းကျင် ဒေသများရှိ လေထုအရည်အသွေးစီမံခန့်ခွဲရေး ကော်မရှင် (CAQM) ၏ ထုတ်ပြန် ချက်အရ နိုဝင်ဘာ ၆ ရက်တွင် ဒေလီမြို့၏ လေထုအရည်အသွေး အညွှန်းကိန်း (AQI) မှာ ၃၈၂ ရှိပြီး အလွန်အကဲခတ် (Very Poor) တွင် ရှိခဲ့သည်။

GRAP အဆင့် (၃) အရ မလို အပ်သော ဆောက်လုပ်ရေး နှင့် ဖြိုဖျက်ရေးလုပ်ငန်းများကို တားမြစ်ထားသည်။ ယင်းလုပ်ငန်း များတွင် မြေတူးခြင်း၊ မြေဖိခြင်း၊ မြေတွင်းဖောက်ခြင်း၊ တူးဖော် ခြင်း၊ တိုင်ရိုက်ခြင်း၊ အုတ်စီခြင်း၊ အင်္ဂတေလုပ်ငန်းများ၊ လမ်းဖောက် လုပ်ခြင်းနှင့် အကြီးစားပြုပြင်ရေး လုပ်ငန်းများ ပါဝင်သည်။

ထို့ပြင် ကျန်းမာရေး ကျွမ်းကျင်သူများက နံနက် စောစောနှင့် နေဝင်ပြီးနောက်ပိုင်း အချိန်များတွင် အပြင်ထွက်၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း များပြုလုပ်ခြင်းကို ရှောင်ကြဉ်ကြ ရန် အကြံပြုထားသည်။ **ဆင်ဟွာ**

တရုတ်အာကာသစခန်းသို့ ပထမဆုံးနိုင်ငံခြားသား အာကာသယာဉ်မှူး လိုက်ပါမည်

ပေကျင်း နိုဝင်ဘာ ၇

ပါကစ္စတန်အာကာသယာဉ်မှူးတစ်ဦးသည် အထူးတာဝန်ထမ်းဆောင်သူအဖြစ် ရှန်ကျိုး-၂၄ လူလိုက် အာကာသပျံသန်းရေးမစ်ရှင်တွင် ပါဝင်မည်ဖြစ်ကြောင်း တရုတ်လူလိုက်ပါအာကာသအေဂျင်စီက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။

အဆိုပါအာကာသယာဉ်မှူးသည် အာကာသပတ်လမ်းကြောင်း အတွင်း ကာလတိုပျံသန်းမှုပြီးဆုံးပြီးနောက် ရှန်ကျိုး-၂၃ အာကာသ ယာဉ်ဖြင့် ကမ္ဘာမြေသို့ ပြန်လည်လိုက်ပါမည်ဖြစ်သည်။ ယင်းမစ်ရှင် သည် တရုတ်နိုင်ငံ၏ လူလိုက်ပါအာကာသအစီအစဉ် သမိုင်းတစ်လျှောက် တရုတ်အာကာသယာဉ်မှူးများနှင့် နိုင်ငံခြားသားအာကာသယာဉ်မှူး တစ်ဦးတို့ ပူးတွဲပါဝင်ပျံသန်းမည့် ပထမဆုံးမစ်ရှင်ဖြစ်လာမည်ဖြစ်သည်။

တရုတ်နှင့်ပါကစ္စတန်နိုင်ငံတို့သည် အာကာသယာဉ်မှူး ရွေးချယ်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် တရုတ်အာကာသ စခန်းသို့ ပျံသန်းရေးမစ်ရှင်များတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အစ္စလာမ္မာဘာတ်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြ သည်။ **ဆင်ဟွာ**

မလေးရှားနိုင်ငံ၌ ရေကြီးမှုကြောင့် နေရပ်စွန့်ခွာရသူ ၁၃၀၀ ကျော်ရှိ

ကွာလာလမ်ပူ နိုဝင်ဘာ ၇

မလေးရှားနိုင်ငံ၌ နိုဝင်ဘာ ၆ ရက်တွင် ရေကြီးမှုကြောင့် နေရပ်စွန့်ခွာရသူ ၁၃၀၀ ကျော်ရှိခဲ့ပြီး ရေကြီးမှုဒဏ် အဆိုးရွားဆုံးခံခဲ့ရသည့်ဒေသမှာ ဆီလန်ဂေါပြည်နယ်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဆီလန်ဂေါပြည်နယ်တွင် ရက်အတန်ကြာ မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခု၌ နေထိုင်နေရသူ ၁၁၇၄ ဦးရှိကြောင်း လူမှုဖူလုံရေးဌာန၏ ပြောကြားချက်အရ သိရသည်။

ကျန်ရှိသည့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်သူများမှာ ပီရတ် နှင့် ကီဒါပြည်နယ်တို့အပြင် ဘော်နီယိုကျွန်းမြောက်ပိုင်းရှိ ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်တို့မှ ဖြစ်ကြသည်။ **ဆင်ဟွာ**

ကမ္ဘောဒီးယားနိုင်ငံ၌ အွန်လိုင်းလိမ်လည်မှု လုပ်ကိုင်သည့် နေရာ ၉၇၂ ခုကို ဖော်ထုတ်နိုင်ခဲ့

ဖနောင်ပင် နိုဝင်ဘာ ၇

ကမ္ဘောဒီးယားအာဏာပိုင်များသည် ၂၀၂၅ ခုနှစ် ဇူလိုင်လမှ ၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင် နေသည့် နေရာ ၉၇၂ ခုကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပြီး နိုင်ငံခြားသား ၂၃၇၆၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မရှင် (CCOS) ၏ နိုဝင်ဘာ ၇ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါစစ်ဆေးရေးအတွင်း အာဏာပိုင်များသည် ကာစီနိုလုပ်ငန်း လိုင်စင် ၁၈ ခုကို ရုပ်သိမ်းခဲ့ပြီး အခြား လိုင်စင် ၁၀ ခုကို ဆိုင်းငံ့ခဲ့ကြောင်းနှင့် သံသယရှိသူ ၅၀၃၂ ဦးကို တရားစွဲဆိုကာ တရားရုံးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ကြိုတင်ထိန်းသိမ်းထားကြောင်း သိရသည်။

ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

အနောက်ဩစတြေးလျပြည်နယ်၌ တောမီးအန္တရာယ်ကြောင့် အရေးပေါ်သတိပေးချက် ထုတ်ပြန်

အနောက်ဩစတြေးလျပြည်နယ် မီးသတ်နှင့် အရေးပေါ်ဝန်ဆောင်မှုဌာန (DFES) သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ကင်ဘာလေဒေသရှိ နေရာအချို့၌ တောမီးအန္တရာယ်နှင့်ပတ်သက်၍ အရေးပေါ်သတိပေး ချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ တောမီးသည် လူနေအိမ်များနှင့် လူတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာသို့ ချက်ချင်းရွှေ့ပြောင်းကြရန် တိုက်တွန်းထားသည်။

အဆိုပါဒေသ၌ နေထိုင်သူများသည် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး အသက်အန္တရာယ်ကို ကာကွယ်ရန် ချက်ချင်းဆောင်ရွက်ရန် လိုအပ် ကြောင်းနှင့် လူနေအိမ်များလည်း မီးဘေးအန္တရာယ်ခြိမ်းခြောက်မှု ရှိနေကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

ကယ်လီဖိုးနီးယားပြည်နယ် ဝေဟင်တွင် လေထီးခုန်သမားနှစ်ဦး တိုက်မိပြီး သေဆုံး

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ် ရှစ်ဗားဆိုက်ဒ်ကောင်တီရှိ လိတ်ခ်အယ်လ်စီနိုးမြို့ ဝေဟင်တွင် လေထီးခုန်သမား နှစ်ဦးတိုက်မိမှုဖြစ်ပွားခဲ့ရာ နှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူ များနှင့် သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါဖြစ်ရပ်သည် လော့စ်အိန်ဂျလိစ် မြို့၏ အရှေ့တောင်ဘက် ကီလို့မီတာ ၁၁၀ ခန့်အကွာ လိတ်ခ်အယ်လ်စီနိုးမြို့၌ နိုဝင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၉ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေထီး ခုန်သမားနှစ်ဦးစလုံး ပြင်းထန်သော ထိခိုက် ဒဏ်ရာများရရှိခဲ့ပြီး ဆေးကုသမှုခံယူရန် ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်းနှင့် အခြားထိခိုက် ဒဏ်ရာရရှိသူမရှိကြောင်း ရစ်ဗားဆိုက်ဒ်

ပါကစ္စတန်၏ ပို့ကုန် ၈ ဒသမ ၅၂ ဘီလီယံ ရာခိုင်နှုန်းမြင့်တက်

လက်ရှိ ဘဏ္ဍာနှစ် (၂၀၂၆ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလ အထိ) ပထမလေးလအတွင်း ပါကစ္စတန်နိုင်ငံ၏ ကုန်ပစ္စည်း ကာလကထက် ၈ ဒသမ ၅၂ တင်ပို့မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၃၄ ဘီလီယံ ရှိခဲ့ရာ ယမန်နှစ်အလားတူ ကာလကထက် ၁၂ ဒသမ ၅၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

အလားတူ ယခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအတွင်း နိုင်ငံ၏ ကုန်ပစ္စည်းတင်သွင်းမှုတန်ဖိုးမှာ ဒေါ်လာ ၂၅ ဒသမ ၉၆ ဘီလီယံ ရှိခဲ့ပြီး ယမန်နှစ်အလားတူ ကာလထက် ၁၂ ဒသမ ၅၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ဆင်ဟွာ

■

ပုသိမ်ကြီးမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ဆရာတော်အရှင်သူမြတ်များအား အရှက်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။



မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သမိုင်း video clip ကို ဖွင့်လှစ်ပြသသည်။ ယင်းနောက် စာရေးဝန်ထမ်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ခဲ့ပြီး မြို့နယ်အတွင်းရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစား ဝန်ထမ်းများကိုလည်း ကန်တော့ခဲ့ကြောင်း သိရသည်။

ရွှေရန်ကင်း

တနင်္သာရီမြို့နယ်၌ နွေစပါးနှင့် ဆောင်းသီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပေးအပ်



တနင်္သာရီ နိုဝင်ဘာ ၇

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် အကျိုးဆောင် တောင်သူများအတွက် မျိုးကောင်း မျိုးသန့်၊ မျိုးစေ့များ ပေးအပ်ခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ နိုဝင်ဘာ ၆ ရက်က ကျင်းပရာ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဖိလစ်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က အကျိုးဆောင် တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် နွေစပါး ရက် ၉၀ မျိုးစပါးနှင့် ဆောင်းသီးနှံများဖြစ်သည့် မတ်ပဲ၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် အစေထုတ်ပြောင်း မျိုးကောင်း မျိုးသန့်၊ မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်အောင်မြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်



မြန်အောင် နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်၊ မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ရှိသူများသည် လမ်းအရှည် ၇၁၈ ပေ ကွန်ကရစ် ဘီးလမ်းနှစ်ဖက် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင် ငွေကျပ်သိန်း ၄၀ တို့ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အထွေး

ပန်းတနော်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

ပန်းတနော် နိုဝင်ဘာ ၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပန်းတနော်မြို့နယ် အုပ်ချုပ်ရေးမှူးဦးမြင့်စော် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုဝင်ဘာ ၅ ရက်က ပြည်လုံးချမ်းသာဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး ဇီဝိတဒါန ငါးလွှတ်ပွဲကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ပြည်သူ့ဆေးရုံရှိ လူနာများအတွက် စုပေါင်းသွေးလှူဒါန်းပြီး လိုအပ်သော ဆေးဝါးများလှူဒါန်းခြင်းနှင့် "အောင်သပြေ" ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား လက်သည်း၊ ခြေသည်းများ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ အာဟာရဒါနကျွေးမွေးခြင်း၊ ဆေးပညောပင်လှူဒါန်းခြင်းများ ဆောင်ရွက် ပေးသည်။

မြို့နယ်(ပြန်/ဆက်)



❶ ကျောဖုံးမှ

ယနေ့နိုင်ပွဲကြောင့် တက္ကသိုလ်အသင်းသည် လေးပွဲကစား လေးပွဲနိုင် ရမှတ် ၁၂ မှတ်ရရှိထားသည်။

တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် Junior Lions အသင်းက မနေ့အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူခဲ့သည်။ Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၄၂ မိနစ်တွင် စွမ်းဇာနည် (ပယ်နယ်တီ)။ ၇၈ မိနစ်တွင် အောင်အောင်နှင့် မိနစ် ၈၀ တွင် စပြည့်စုံဦး တို့က သွင်းယူပေးခဲ့သည်။ AYA Pay အကောင်းဆုံး ကစားသမားဆုကို Junior Lions အသင်း ဂိုးသမား ရှိုင်းထက်ကျော်က ရရှိခဲ့သည်။

အပတ်စဉ်(၄) ပွဲစဉ်များအပြီးတွင် တက္ကသိုလ်အသင်းနှင့် ရခိုင်ယူနိုက်တက်က ၁၂ မှတ်စီ၊ Junior Lions က ၉ မှတ်၊ Royal Dagon က ၈ မှတ်၊ VUE နေပြည်တော်က ၇ မှတ်၊ ရာမညယူနိုက်တက်က ၅ မှတ်၊ Elite Kings က ၃ မှတ်၊ မနေ့အသင်းက တစ်မှတ်ရရှိထားပြီး Asia Lion FC နှင့် Enjoy Brother FC တို့က ရမှတ်မရရှိသေးပေ။

နေမျိုး
ဓာတ်ပုံ-MLII

❷ ကျောဖုံးမှ

AYA Pay Player of the Match ဆုကို မြဝတီအသင်းမှ တိုးတက်အောင်က ရရှိခဲ့သည်။

အပတ်စဉ်(၂၃) ဒုတိယနေ့ပွဲစဉ်များကို နိုဝင်ဘာ ၈ ရက်တွင် သီဟဒီပကွင်း၌ အဆင့်(၃)နေရာမှ ISPE အသင်းနှင့် အဆင့်(၉)နေရာမှ သစ္စာအားမာန်အသင်း၊ YUSC ကွင်း၌ အဆင့်(၁)နေရာမှ ရန်ကုန်ယူနိုက်တက်နှင့် အဆင့်(၁၂) နေရာမှ စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-ML

❸ ကျောဖုံးမှ

ရွှေပြည်သာယူနိုက်တက်ကို ၁၃ ဂိုး-လေးဂိုး၊ Gold Dream အသင်းက မင်္ဂလာခုံစီးတီး အသင်းကို ၁၄ ဂိုး-ဂိုးမရှိ၊ United City အသင်းက Burmese Warriors အသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ ULAD FC အသင်းက Royal Noka အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

အပတ်စဉ်(၁၈) ပွဲစဉ်များအပြီးတွင် MIU FC ၄၉ မှတ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်ခဲ့ပြီး Pacific Sun Far နှင့် YRG FC က ၄၆ မှတ်စီ၊ YCDC Dream Team က ၃၈ မှတ်၊ Gold Dream က ၃၆ မှတ်၊ ULAD FC က အမှတ် ၃၀ ၊ United City က ၂၁ မှတ်၊ JV FC က အမှတ် ၂၀ ၊ Royal Noka က ၁၈ မှတ်၊ ရွှေပြည်သာယူနိုက်တက်က ၁၁ မှတ်၊ မင်္ဂလာခုံစီးတီးက ၃ မှတ်နှင့် Burmese Warriors အသင်းက တစ်မှတ်ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ-MFF

❹ ကျောဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရိုက်ပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက ပညာရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ် ဖြင့်လည်းကောင်း၊ အားကစား ရေးရာ ဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစား ရေးရာ ဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်း ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း နှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစား ခဲ့ရာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအသင်းကို သုံးပွဲပြတ် ဖြင့်လည်းကောင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာ နိုင်ငံတော် ဗဟိုဘဏ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံ တော်ဗဟိုဘဏ်အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ် ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင် ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပညာရေး ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီး ဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်း ကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီမှစတင်၍ အမျိုးသား အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်း၊ ကျန်းမာရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်း၊ အမျိုးသမီး အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်း နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်း၊ အားကစားရေးရာဝန်ကြီး ဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ "၂၀၂၆ ခုနှစ် ဝန်ကြီး ဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ" ကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(B)၌ ကျင်းပလျက် ရှိပြီး အားကစား၀ါသနာရှင် မိဘ ပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေး နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပြည်သူ့ဈေး၌ မီးဘေးလုံခြုံရေးအတွက်စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၃ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

စလင်းမြို့နယ်၌ မြို့နယ်ကြက်ခြေနီအသင်းခွဲငယ်များက စူပါအယ်လ်နီညိုကြိုတင်ကာကွယ်ရေး အသိပညာပေး

စလင်း နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း စလင်းမြို့နယ်နှင့် ဆင်ဖြူကျွန်းမြို့နယ် ကြက်ခြေနီအသင်းခွဲငယ်က စူပါအယ်လ်နီညိုကြောင့်



အပူဒဏ်အန္တရာယ်၊ ရေရှားပါးမှုနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို နိုဝင်ဘာ ၄ ရက်က ဆင်ဖြူကျွန်းအထက (ပြည်စိုးကုန်းကျောင်းနှင့် တပ်တွင်းအထက)ကျောင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

စလင်းမြို့နယ် ကြက်ခြေနီ အသင်းခွဲငယ်မှ ဦးသူရမြင့်ဝေ၊ ဆင်ဖြူကျွန်းမြို့နယ် ကြက်ခြေနီအသင်းခွဲငယ်မှ ဦးသူထက်အောင်နှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများက အဆိုပါကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို စူပါအယ်လ်နီညိုကာလအတွင်း ကျန်းမာစွာနေထိုင်ခြင်းနှင့် ကျန်းမာရေးအသိပညာများကို ဖြန့်ဝေပေးကြပြီး အယ်လ်နီညိုဘေးအန္တရာယ်ဆိုင်ရာ သတိပြုရမည့် အချက်များပါဝင်သော လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူ ၄၇၅ ဦးထံ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်လွင်(စလင်း)



တမူးမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ (ဆောင်းရာသီ) ဘောလုံးပြိုင်ပွဲ ကျင်းပ

တမူး နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ (ဆောင်းရာသီ) ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြပြီး အသက် ၁၆ နှစ်အောက် အမျိုးသမီးပွဲစဉ်အဖြစ် ပညာအလင်းတံခါးကိုယ်ပိုင်အထက်တန်းကျောင်းအသင်းနှင့် မြို့မဘုန်းတော်ကြီးသင်ကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပညာအလင်းတံခါးကိုယ်ပိုင်အထက်တန်းကျောင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ အသက် ၁၆ နှစ်အောက် (အမျိုးသမီး) ပြိုင်ပွဲဝင် ခြောက်သင်းနှင့် အသက် ၁၃ နှစ်အောက် (အမျိုးသား)ပြိုင်ပွဲဝင် ၁၂ သင်း စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၁၈ သင်းတို့ဖြင့် နိုဝင်ဘာ ၅ ရက်မှ ၁၄ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ရတနာ(တမူး)

ရမည်းသင်းမြို့နယ်၌ သောက်သုံးရေများ စနစ်တကျသုံးစွဲရေးအသိပညာပေး

ရမည်းသင်း နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေအရင်းအမြစ်များ လျော့နည်းမှုနှင့် ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေး၊ သောက်သုံးရေများ ဖုလုံစွာ သုံးစွဲနိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို နိုဝင်ဘာ ၅ ရက်က ဆည်တွင်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ကျေးလက်သောက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများကို အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပူပြင်းခြောက်သွေ့မှုများနှင့် ရေရှားပါးပြတ်လပ်နိုင်သည့်အခြေအနေများ၊ သောက်သုံးရေ သိုလှောင်ထားရှိရမည့် စနစ်များနှင့် ရေကို အလေအလွင့်မရှိ စနစ်တကျ ချွေတာသုံးစွဲရေးဆိုင်ရာ အချက်အလက်များကို အသေးစိတ် ရှင်းလင်းပြောကြား



ပြီး ကျေးရွာများအတွင်း သောက်သုံးရေ သိုလှောင်ထားရှိမှု အခြေအနေများကို မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဘုန်းမြတ်

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

သွေးသည် အသက်

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂)၊ မြေကွက်အမှတ် (၁၀၂)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိမြေအား ဒေါ်တင်ရီ (ဒေါ်လှရင်ကွယ်လွန်သူ၏ ချွေးမ)မှ အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/47905၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်းမြို့နယ်)ပဲခံကွင်း၊ အမှတ်(၃၆၉/ခ)ဖြစ်သော မြေကွက်အလွတ်ကေ(၄၀)ကို အကျိုးခံစားခွင့်ရှိသူ လယ်သမားဦးတင်ရွှေနှင့် ဦးဘုန်းမြတ်ကျော်တို့နှစ်ဦးမှ စွန့်လွှတ်စာချုပ်နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဦးလှထွန်းအား အကျိုးခံစား ပိုင်ဆိုင်စီမံခန့်ခွဲခွင့်ပေးအပ်သဖြင့် မြေကေ(၄၀)ကို တန်ဖိုးသင့် ဝယ်ယူခွင့်ပြုပါရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားလျက်ရှိပါသည်၊ ဦးလှထွန်း၏ အကျိုးခံစား ပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရရှိသည့် မြေကေ(၄၀)ကို ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်း၊ နေထိုင်အသုံးပြုခြင်းများ ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့် ရက်မှ (၇)ရက်အတွင်းဦးလှထွန်းထံသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးလှထွန်း(၁၂/သကတ(နိုင်)၁၂၄၄၂၂)၏
(ဖုန်း-၀၉-၄၂၀၇၅၈၀၉၇) ၏ လွှဲအပ်ချက်အရ-
ဦးမြသိန်း(ပုဇွန်တောင်)(ဥပဒေဘွဲ့)တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၁၇)
(ရုံး)အမှတ်(၁၅၅)၊ (ပထမထပ်)၊ ၄၆လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
(ဖုန်း) ၀၉-၆၆၄၂၈၂၇၉၂၊ ၀၉-၄၂၅၀၁၈၀၀၀

အမည်ပြောင်း

ဦးကိုကိုအောင် ၏သား နေပြည်တော် ကောင်စီ၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသိဒ္ဓိရပ်ကွက် အ.ထ.က (၉)၊ Grade- 3 မှ မောင်အောင်ဘုန်းပြည့်စုံ အား မောင်အောင်ဘုန်းသန့်ကျော် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်

မအူပင်မြို့နယ်၊ အောက်ထုံးကျေးရွာအုပ်စု၊ ဗားမနီးကျေးရွာနေ မပန်းနုလှိုင် ၏ ဖခင်အမည်မှန်မှာ ဦးမျိုးလှိုင်ဝင်း ၁၄/မအပ(နိုင်) ၃၈၄၇၇၈ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/78866, Trawlergi ယာဉ်လက်ဝယ်ရှိသူ ဦးလှရှိန် ၁၄/ညတန(နိုင်) ၁၄၈၇၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
မအူပင်မြို့

ဦးသန်းမြင့်နှင့် အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၃)ရပ်ကွက်၊ ဆရာဖြေလမ်း၊ အိမ်အမှတ်-၃၅၁နေ (ဘ)ဦးအုန်းမောင်၏သမီးဖြစ်သူ ဒေါ်ချယ်ရီ ၁၃/တကန(နိုင်) ၀၃၂၄၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

တောင်ငူမြို့၊ (၁၃)ရပ်ကွက်၊ ဆရာဖြေလမ်း၊ အိမ်အမှတ်-၃၅၁ ဟုခေါ်တွင်သော ကွင်း/အကွက်အမှတ်နှင့်အမည်-၅(ခ)၊ ဈေးတန်းအကွက်၊ ဦးပိုင်အမှတ်-၆၅၊ မြေဧရိယာ(၀.၁၇၀)ဧကရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်အဆောက်အအုံအား ညီမအရင်းဖြစ်သူ (ဒေါ်ခင်ခင်လှ) ကွယ်လွန်ပြီးနောက် ၎င်း၏ဆန္ဒအတိုင်း တောင်ငူမြို့နယ်၊ မြို့နယ်သံဃနာယကအဖွဲ့သို့ မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ လှူဒါန်းမည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာထည့်သွင်းထားခြင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိသဖြင့် အောက်ပါအတိုင်း ဖြေရှင်းကြေညာအပ်ပါသည်။

အများသိစေရန် ကြော်ငြာထည့်သွင်းခဲ့သူ ဦးသန်းမြင့်မှာ ကွယ်လွန်သူ (ဒေါ်ခင်ခင်လှ) နှင့် အစ်ကိုအရင်း တော်စပ်သူဖြစ်သော်လည်း (ဒေါ်ခင်ခင်လှ) မကွယ်လွန်မီ နှစ်ပေါင်း(၃၀)ခန့်ကတည်းက အဆက်အသွယ်မရှိဘဲ နေထိုင်လာခဲ့သူတစ်ဦးဖြစ်ပြီး (ဒေါ်ခင်ခင်လှ)သည် ၎င်းမကွယ်လွန်မီ နှစ်ပေါင်း(၂၀)ကျော်ခန့်ကတည်းက ၎င်း၏ခင်ပွန်းဘက်မှ တော်စပ်သူမြေးများနှင့်အတူ နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။ (ဒေါ်ခင်ခင်လှ)ကွယ်လွန်ပြီးမှ အကြောင်းကြားလိုက်သဖြင့် ဦးသန်းမြင့် နာရေးအိမ်သို့ ရောက်ရှိလာခြင်းသာဖြစ်ပါသည်။ (ဒေါ်ခင်ခင်လှ) မကွယ်လွန်မီကတည်းက အိမ်ခြံမြေအား လှူဒါန်းမည်ဟု ပြောဆိုခဲ့ဖူးခြင်း လုံးဝမရှိပါ။ ယင်းအိမ်ခြံမြေသည် (ဒေါ်ခင်ခင်လှ)၏ ခင်ပွန်း (ဦးပွ)အမည်ပေါက်ဂရန်မြေဖြစ်၍ (၄-၃-၁၉၉၄)မှ (၃-၃-၂၀၂၄)အထိ နှစ်(၃၀)ဂရန် ရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်သက်တမ်းကုန်ဆုံးလျက်ရှိသော မြေကွက်လည်း ဖြစ်ပါသည်။ ထို့အပြင်(ဒေါ်ခင်ခင်လှ) သက်ရှိထင်ရှားရှိစဉ်ကတည်းက အဆိုပါခြံမြေကွက်၏ တောင်ဘက်ခြမ်းကို ဒေါ်ဝင်းဝင်းခိုင်အားလည်းကောင်း၊ ခြံမြေကွက်၏ မြောက်ဘက်ခြမ်းကို ဦးမြင့်ဆွေ ဆိုသူအား လည်းကောင်း၊ ခြံမြေ၏အလယ် နေအိမ်အပါအဝင် မြေကွက်အား မြေးဖြစ်သူအားလည်းကောင်း ပေးကမ်းရောင်းချခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းအိမ်ခြံမြေမှာ ဂရန်သက်တမ်း ကုန်ဆုံးပြီးမြေကွက်ဖြစ်သည့်အပြင် ခြံမြေ၏ အစိတ်အပိုင်းများကို လွှဲပြောင်းရောင်းချပေးကမ်းထားပြီးဖြစ်သည့်အတွက် မြို့နယ်သံဃနာယကအဖွဲ့သို့ လှူဒါန်းမှု မပြုနိုင်တော့သော ခြံမြေဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချယ်ရီ ၁၃/တကန(နိုင်)၀၃၂၄၇၂၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မဥ္ဇူထွေး (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၄၄/၂၀၁၉)
ဟင်းငုတ်ပင်လျှပ်စစ်ဝင်း၊ တောင်ငူမြို့။ ဖုန်း- ၀၉ - ၄၂၈၁၅၉၆၄၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၇၁၅) နေ ဦးမင်းခိုင် (ဘ) ဦးလှရွှေ (၁၂/အစန (နိုင်) ၀၈၃၈၈၉) မှ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၇၁၅) ရှိ အလျား ပေ (၉၀)x အနံပေ (၅၀) မြေကွက်မှ ခေါင်းရင်းဘက်ခြမ်း၊ အလျား ပေ (၉၀) x အနံ (၂၅) ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အုတ်ညှပ်နှစ်ထပ်အိမ်သည် ကျွန်ုပ်မိတ်ဆွေ ဦးမင်းခိုင် (ဘ) ဦးလှရွှေ မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကွက်နှင့် နေအိမ်ဖြစ်ပြီး ယင်းမြေကွက်နှင့်နေအိမ်အား ကျွန်ုပ်မိတ်ဆွေ ဦးမင်းခိုင် အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း အလျဉ်းမရှိပါကြောင်းနှင့် အခြားမည်သူ တစ်စုံတစ်ယောက်ကမျှ အဆိုပါမြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်နှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ထိုသို့ပြုလုပ်ရာတွင်ပါဝင်သော ပုဂ္ဂိုလ်အားလုံးကို ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ဦးမင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲဝင့်နောင်(LL.B) အထက်တန်းရှေ့နေ(စဉ်- ၄၁၀၂၇)
အမှတ်-၁၇၁၊ အမက(၇)ကျောင်းလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၅၀၇၁၄၃၁

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗိုင်းရေအိုးစင်လမ်း၊ အမှတ်- ၆၅၊ (၆)ထပ်တိုက် ညာဘက်ခြမ်း၊ အခန်း - ၃ A (၃)လွှာ၊ အခန်း ၄ A (၄လွှာ) ရောင်းဝယ်ခြင်းကို (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း (၁-၁၁-၂၀၂၆)နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဦးကျော်ဇေထူး ၏လွှဲအပ်ညွှန်ကြားချက်အရ ဦးထွန်းမြတ် တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၁၃)ကြေညာပြီး (၃-၁၁-၂၀၂၆) နေ့တွင် တိုက်ခန်း(၂)ခန်း အပြီးအပိုင် ရောင်းဝယ်ခြင်းကို ကန့်ကွက်ခြင်း

အထက်ပါတိုက်ခန်း(၂)ခန်းရောင်းသူ ဦးသိန်းဇော်သည် ပထမဇနီး ဒေါ်အေးအေး နှင့် သားသမီး (၃) ယောက်ရှိပြီး သားသမီးရှိသော ဒေါ်နှင်းဆီနှင့် အိမ်ထောင်ပြု ပါသည်။ ဇနီး ဒေါ်အေးအေးနှင့် သားသမီး (၃) ယောက်ကို ထောက်ပံ့ခြင်း နေထိုင်မှုပြုလုပ်ပေးခြင်း မရှိပါ။ ဦးသိန်းဇော်၏ ဖိတပိုင်အိမ်ကို မြေအမည်ပေါက်သူ ဦးသိန်းဇော်၏ညီ ဦးသိန်းထွေးက (၆)ထပ်တိုက် ကန်ထရိုက် တိုက်ဆောက်၍ မြေရှင် ဦးသိန်းထွေးခံစားခွင့်ရှိသော ညာဘက်ခြမ်းအခန်း ၃A နှင့် ၄A ကို အမွေဆိုင် ဦးသိန်းဇော်သို့ လွှဲပြောင်းပေးအပ်သဖြင့် ဇနီး ဒေါ်အေးအေးက အမွေရတိုက်ခန်း (၂)ခန်းမှ (၁)ခန်းကို ဇနီးနှင့်သားသမီး (၃)ယောက်အတွက် ခွဲဝေလွှဲပြောင်းပေးရန် (၃-၁၂-၂၀၁၈) နေ့တွင် ဦးသိန်းဇော်ကို အကြောင်းကြားစာ ပေးပါသည်။ (၁၈-၁၂-၂၀၁၈) နေ့တွင် ဗိုင်းရေအိုးစင် အုပ်ချုပ်ရေးမှူးရုံးသို့ ကန့်ကွက်တားမြစ်စာပေးပါသည်။ ဒေါ်အေးအေးက (၁၀-၁-၂၀၁၉) ကြေးမုံသတင်းစာတွင် တိုက်ခန်း (၂) ခန်းကို ရောင်းဝယ်ခြင်း မပြုလုပ်ရန် ကြေညာခြင်း၊ ဦးသိန်းဇော် က (၉-၇-၂၀၁၉) ကြေးမုံသတင်းစာတွင် ပြန်ရှင်းကြေညာခြင်း၊ ဒေါ်အေးအေးက (၂၈-၈-၂၀၁၉) ကြေးမုံသတင်းစာတွင် တုံ့ပြန်ဖြေရှင်း ကြေညာခြင်း၊ (၁၀-၁၂-၂၀၁၉) ကြေးမုံသတင်းစာတွင် ဦးသိန်းဇော်တိုက်ခန်း ရောင်းခြင်းကို ဒေါ်အေးအေးက (၁၆-၁၂-၂၀၁၉) ကြေးမုံသတင်းစာတွင် ကန့်ကွက်ကြေညာခဲ့ပြီးဖြစ်ပါသည်။

ဝယ်သူဦးကျော်ဇေထူးသည် ဒေါ်အေးအေး၏ကိုယ်စားလှယ် ဦးစိန်ဝင်းအား (၃-၁၁-၂၀၂၆)နေ့တွင်ချုပ်ဆိုသောတိုက်ခန်း(၂)ခန်းအပြီးအပိုင် အရောင်းအဝယ် စာချုပ်ပြသပါသည်။ ဦးသိန်းဇော်သည် အမွေရတိုက်ခန်း (၁)ခန်းကို ပထမဇနီး ဒေါ်အေးအေးနှင့် သားသမီး(၃)ယောက်တို့ကို ခွဲဝေပေးခြင်း ညှိနှိုင်းဖြေရှင်းခြင်း မပြုလုပ်၍ သတင်းစာတွင် ဒေါ်အေးအေးကန့်ကွက်ထားသော တိုက်ခန်း(၂)ခန်း ကို ဦးကျော်ဇေထူးသို့ ရောင်းချခြင်းမှာ ဦးသိန်းဇော်သည် ခင်ပွန်းတာဝန်၊ ဖခင်တာဝန်တို့ကို တာဝန်မဲ့ပြုလုပ်ခြင်းဖြစ်ပါသည်။ ရောင်းသူ ဦးသိန်းဇော်နှင့် ဒုတိယဇနီးဒေါ်နှင်းဆီတို့နေထိုင်သော မင်္ဂလာဒုံ၊ ကာယ (၁၂)လမ်းတွင်နေထိုင်သူ ဦးထွန်းမြတ် (တရားလွှတ်တော်ရှေ့နေ)မှာ ဝယ်သူ၏ ရှေ့နေဖြစ်ပါသည်။ ဦးသိန်းဇော်သည် ဩစတြေးလျနိုင်ငံသားဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံသားစိစစ်ရေးကတ် အသုံးပြု၍ ကာလပေါက်ဈေးနှင့် ရောင်းချခြင်းမဟုတ်ပါ။ ဦးသိန်းဇော် တိုက်ခန်း (၂)ခန်းရောင်းချခြင်းကို ဒေါ်အေးအေးက သတင်းစာတွင် ယခင်က ကန့်ကွက်ကြေညာခဲ့ပြီး ယခုရောင်းချခြင်းကိုလည်း ကန့်ကွက်အပ်ပါသည်။

ဒေါ်အေးအေး၏လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စန်းရီ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၅၇)
တိုက်-၉/၁၁၊ အခန်း(၂၁၂/ဇေ) ဒုတိယထပ်၊
၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ကွင်းအမှတ်(၁၂/၁၊စီတာပူတောင်)၊ ဦးပိုင်အမှတ်(၂၀၃/၃-က)၊ မြေဧရိယာ (၀.၁၆၃)ဧကရှိမြေကွက်သည် မူလက ဦးဇော်အောန်းအမည်ဖြင့် (၈-၉-၂၀၁၇)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည်ပေါက်သူ ဦးဇော်အောန်းထံမှ ဒေါ်နူးရာက(၁၈-၁၀-၂၀၁၅) ရက်စွဲပါနှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ယခုအခါဒေါ်နူးရာ ၁/ဝမန(နိုင်)၀၇၂၁၈၉အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၅/၂-၃၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၁၁၅)၊ မြေဧရိယာ(၀.၁၈၄)ဧကရှိ မြေကွက်သည် ဦးအင်ခွန်းလတောင် ၁/မကန(နိုင်)၀၇၇၃၂၉ အမည်ဖြင့် အမှုတွဲအမှတ် ၂၄၈/V ၁၉၈၉-၁၉၉၀အရ (၃၁-၅-၁၉၉၀)ရက်မှ (၃၀-၆-၁၉၉၅)ရက်အထိ (၅)နှစ်သက်တမ်းရှိ မြေငှားဂရန်ရရှိခဲ့ပါကြောင်း၊ အဆိုပါ မြေငှားဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ရန်ကုန်ပညာရေးတက္ကသိုလ်
(၂၉) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ
YU OE

၃၀-၁-၂၀၂၇ စနေနေ့ နံနက် (၉) နာရီ ရန်ကုန်ပညာရေးတက္ကသိုလ် LEARNING HUB တွင် ကျင်းပပါမည်။

တဆက်တည်းလုပ်သက်(၁)နှစ်၊ Dec 31 တွင်၆၂နှစ်ပြည့်သည့် မြတ်ဆရာများ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

Kpay-U Sein Paw 09-792612535, Dr. May Cho Min 09-777189895

KBZ Bank ငွေစာရင်းအမှတ် - 02132699936127801 (KMY)

Dr. Myint Myint Shwe (09 – 51 73146) + Daw Kyin Htay

လှူဒါန်းသူအမည် YUOE မြတ်ဆရာပူဇော်ပွဲ တို့ ရေး၍ ဖုန်းဆက်ပါရန်။

ဥက္ကဋ္ဌ - ဦးစိုးဝင်း (ဒုညွှန်ချုပ်-ငြိမ်း) 09 – 401 161 491
အတွင်းရေးမှူး - ဦးကျော်ဝင်း 09 – 442 525 299
- ဦးကျော်မိုးဦး 09 – 53 94568

ထားဝယ်တက္ကသိုလ်၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ကျောက်မျက်ခွဲခြားခြင်းပညာအောင်လက်မှတ်သင်တန်း (Certificate in Gem Identification) အမှတ်စဉ်(၂/ ၂၀၂၆) သင်တန်းလျှောက်လွှာခေါ်ယူခြင်း

ထားဝယ်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဘူမိဗေဒဌာနတွင် ကျောက်မျက်ခွဲခြားခြင်းပညာအောင်လက်မှတ်သင်တန်း(Certificate in Gem Identification)အမှတ်စဉ် (၂/၂၀၂၆) သင်တန်းဖွင့်လှစ်မည်ဖြစ်ပါ၍ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ(ယခင်ဒသမတန်းနှင့်ယခု Grade 12) အောင်မြင်ထားသူဖြစ်ရမည်။

၂။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း အထောက်အထားပြရမည်။

၃။ **သင်တန်းကာလ**	–	(၃)လ(အခြေခံ+အဆင့်မြင့်)
၄။ **သင်တန်းစတင်ဖွင့်မည့်ရက်**	–	(၃-၁၂-၂၀၂၆)ရက်၊ (ကြာသပတေးနေ့)
၅။ **လျှောက်လွှာစတင်လက်ခံမည့်ရက်**	–	(၂၅-၁၁-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)
၆။ **သင်တန်းအချိန်**	–	တနင်္လာနေ့ မှ သောကြာနေ့အထိ နံနက် ၇:၀၀နာရီ ၃၀ မိနစ်မှ ၉:၀၀နာရီအထိ
၇။ **လျှောက်လွှာပိတ်မည့်ရက်**	–	၂-၁၂-၂၀၂၆ ရက်၊ (ဗုဒ္ဓဟူးနေ့)
၈။ **လျှောက်လွှာတင်သွင်းရမည့်နေရာ**	–	ဘူမိဗေဒဌာန၊ထားဝယ်တက္ကသိုလ်
၉။ **လက်ခံမည့်သင်တန်းသားဦးရေ**	–	(၆၀) ဦးခန့်
၁၀။ **ဆက်သွယ်ရန်လိပ်စာ**	–	ဘူမိဗေဒဌာနရုံးခန်း၊(C) ဆောင် ထားဝယ်တက္ကသိုလ်

၁၁။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ထားဝယ်တက္ကသိုလ် ဘူမိဗေဒဌာနရုံးခန်း၊ (ဖုန်း-09-791337871၊ 09-422204053၊ 09-401556945) တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး
သင်တန်းရေးရာဌာန
ထားဝယ်တက္ကသိုလ်

"အများသိစေရန်ကြော်ငြာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မိုးမိုး (ဘ)ဦးထွန်းရွှေ၉/တကန(နိုင်)၁၂၇၇၉၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မိုးမိုးနှင့် (ဘ)ဦးမောင်အေး၏သား ဦးအောင်သူဇော် ၃/မဝတ(နိုင်)၀၅၉၀၀၈ တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြရာ စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိ၍ (၁၇-၁၀-၂၀၂၆)ရက်တွင် နှစ်ဦးသဘောတူ အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆိုကွာရှင်းခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မိုးမိုးနှင့် ဦးအောင်သူဇော်တို့သည် (၁၇- ၁၀- ၂၀၂၆) ရက်မှစ၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်၍ ဦးအောင်သူဇော်၏ လူမှုရေး၊ စီးပွားရေး၊ ငွေကြေးနှင့် တခြားကိစ္စရပ်များတွင် ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခင်မိုးမိုး
၉/တကန(နိုင်)၁၂၇၇၉၄

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆောင်းနှင်းလှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၈၇၀)
တပ်ကုန်းမြို့၊ နေပြည်တော်
ဖုန်း-၀၉- ၄၄၈ ၅၄၇ ၄၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/42118, Yamaha FZ Fi 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မင်းကျော် ၅/ဖမန(နိုင်)၀၉၀၄၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/8236, Bajaj 200 (200CC), 3/W Vehicle (Passanger) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖြိုးသူ ၉/မတရ(နိုင်)၁၆၇၆၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ သီရိမဟာရပ်ကွက်၊ နယ်မြေ(၆)တွင် နေထိုင်သော မောင်ဒါရှီဆိုင်းလီ ၏ဖခင်ဖြစ်သူ ဦးတန်ဂွန်း ၁၃/လရန(နိုင်)၁၁၁၉၉၈ သည် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်တွင်ပါရှိသည့် အမည်နှင့် မောင်ဒါရှီဆိုင်းလီ၏ အခြေခံပညာအထက်တန်းအောင်လက်မှတ်တွင် ပါရှိသည့် ဖခင်အမည် ဦးတန်းဂွန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း ကြော်ငြာပါသည်။ **ဦးတန်ဂွန်း ၁၃/လရန(နိုင်)၁၁၁၉၉၈**

ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Agrodan Chemical Co., Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ဆေးပစ္စည်းများကို ပြည်တွင်း မူလဖြန့်ဖြူးသည့် Amazing seasons Co., Ltd မှ First Start Company Limited သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါသည်-

စဉ်	မူလဖြန့်ဖြူးသူအမည်	ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်းအမျိုးအစား	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်	ပြောင်းလဲလိုသည့်ဖြန့်ဖြူးသူအမည်
၁	Amazing Seasons Co., Ltd.	Universal Killer	Emamectin Benzoate 5.7% WG	Provisional	P2026-7159	FIRST START COMPANY LIMITED

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ၊ သီးနှံကာကွယ်ရေး ဌာနခွဲ ၊ အနောက်ကြို့ကုန်း ၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

First Start Company Limited (လိပ်စာ - ပြည်ထောင်စုလမ်း ၊ အမှတ် ၁၂၈၅၊ (၅၀) ရပ်ကွက် ၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ၊ ဖုန်း - ၀၉-၄၂၈၅၆၂၂၅၀)

In the Matter of Voluntary Winding Up subject to the Insolvency Law WESTERN HOLIDAY TRAVEL AND TOUR COMPANY LIMITED

(ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း)

(က) ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်နေ့တွင်ကျင်းပပြုလုပ်သော ကုမ္ပဏီတွင်ပါဝင်သူများ၏ အထူးအထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) "WESTERN HOLIDAY TRAVEL AND TOUR COMPANY LIMITED"အား(၅-၁၁-၂၀၂၆)ရက်မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည်ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများခွဲဝေရန်အတွက် ဦးအီနုစ် (Supreme Court Advocate)၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်အမှတ်-၁၀၁၄၆၀ အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ကြပါသည်။

(ခ) "WESTERN HOLIDAY TRAVEL AND TOUR COMPANY LIMITED" မှ ရရန်နှင့်ပေးရန် ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းများနှင့်ပေးသွင်းခြင်း များပြုလုပ်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)
YENOOS & ASSOCIATES CONSULTING LTD
အမှတ်- ၁၇၆(ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မိဘရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၁-၉၀၁၀၂၀၅၊၀၁၈-၃၉၇၂၃၄-၅

ဦးထွန်းလင်းအောင်
(ဒါရိုက်တာ)
WESTERN HOLIDAY TRAVEL AND TOUR COMPANY LIMITED

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ မြို့မအမှတ်(၁၀)၊ ဓမ္မာရုံလမ်း၊ အကွက်အမှတ် မ/၂၇၃ ဦးမောင်မောင်စိုး အမည်ပေါက်စလစ်အား (၇-၁၂-၂၀၂၅)ရက်တွင် ဒေါ်သက်မွန်စိုးထံမှ ဒေါ်တင်မမစန်းက ဝယ်ယူခဲ့ပါသည်။ အဆိုပါ မြေကွက်အား ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နုနုအေး အထက်တန်းရှေ့နေ၊ (စဉ် - ၅၅၁၂၄)
လွတ်လပ်ရေးရပ်၊ ကျောက်ပန်းတောင်းမြို့။ဖုန်း-09-420734283

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/48140, Yamaha DT-200, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၉/မဟမ(နိုင်)၀၄၄၁၂၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်မဲ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/27913, Honda Shadaw-400,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၁၂/လမတ(နိုင်)၀၂၇၆၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်မဲ)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀-A / ၄၆-B)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် -(Plot No. 8, 8-A/2, 2/2-2, 2/2-3) တွင် ကုမ္ပဏီရုံးခန်း ဖွင့်လှစ်ထားရှိသည့် Red Roof Investment Development Co.,Ltd (Company Registration No. 115211439)မှ တာဝန်ယူဆောက်လုပ်ထားသော အောက်ဖော်ပြပါအိမ်ရာစီမံကိန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်မို့မို့ဝင်း [၁၂/ကမရ(နိုင်) ၀၀၄၇၀၂]မှ ရောင်းကြေးငွေ၏ (၅၀%)အား ပေးသွင်းပြီးဖြစ်ပါသည်။ ကျန်ရှိသော ငွေကြေးများကို (၆)လအရစ်ကျစနစ်ဖြင့် ပေးချေကာ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်-

- **စီမံကိန်းအမည်** – Brilliance Mansion
- **တည်နေရာ** – ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀ အေ၊၄၆ ဘီ)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၈၊ ၈ အေ /၂၊ ၂ အေ / ၆ ၊ ၂ / ၂ - ၂ ၊ ၂/၂-၃)
- **အခန်းအသေးစိတ်** – ဘလောက်အမှတ် (R61)၊ (၁၀) လွှာ၊ ယူနစ်အမှတ် (၀၄)၊ အကျယ်အဝန်း (၅၂၆.၀၃) စတုရန်းပေရှိ တိုက်ခန်း (၁၂ထပ် တိုက်)

သို့ဖြစ်ပါ၍ ယခု အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်မထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မို့မို့ဝင်း [၁၂/ကမရ(နိုင်)၀၀၄၇၀၂]**

ဖုန်း - ၀၉-၅၀၀၃၂၀၃၊ ၀၉-၄၂၄၅၉၆၈၃၀

စက်ရုံနှင့် မြေကွက်ငှားရန်ရှိသည်

1. မှော်ဘီမြို့ နယ်၊လိပ်ပွတ်ကျေးရွာ၊အမှတ်(၄)လမ်းမပေါ်၊ (170,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံး
2. ပဲခူးစက်မှုဇုန်အတွင်းရှိ (145,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံး
3. ပဲခူးစက်မှုဇုန်အတွင်းရှိ (80,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံးနှင့်
4. ညောင်နှစ်ပင်ဇုန်အနီးလန(၃၀)ကျပြီး မြေအကျယ်(၁၈)ကေရှိသော မြေကွက်။ (ကားစက်ရုံဆောက်ရန် သင့်လျော်သည့်နေရာ)

ဆက်သွယ်ရန် -
Phone-09-443202219/09-785504623
Viber only -09-5504623

မြေကွက်နှင့် အဆောက်အအုံများ ရောင်းရန်ရှိသည်

1. ကုန်သည်လမ်းမပေါ်၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ 13,000 Sq-ft အကျယ်၊ အခန်း(101)ခန်းရှိသော ဟိုတယ်(1)လုံး
2. စမ်းချောင်းမြို့နယ်၊ဦးရွှေမှန်လမ်း၊(ပေ 80xပေ 60)အကျယ်ရှိသောမြေကွက်
3. ရန်ကင်း၊ ဆည်မြောင်းလမ်း၊(105ပေxပေ 150)15,750 Sq-ft အကျယ်ရှိသော မြေကွက်
4. 9 မိုင်၊ ယိုးဒယားလမ်း၊ (20,000 Sq-ft) နှင့် (15,000 Sq-ft) အကျယ်ရှိသော မြေကွက်များ
5. အင်းစိန်ဘူတာရုံလမ်း၊ 38,000 Sq-ft အကျယ်ရှိသော မြေကွက်
6. အင်းစိန်မြို့နယ်၊ လေဆိပ်ရိပ်သာလမ်းသွယ်(၁)၊(ပေ 120 x ပေ 120) အကျယ်ရှိသော မြေကွက်
7. ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမပေါ်၊ (ပေ 190xပေ 100)၊ (ပေ 90xပေ 100)နှင့် (25ပေxပေ 100) အကျယ်ရှိသော မြေကွက်များ
8. လှိုင်သာယာ၊ရွှေလင်ဗန်းစက်မှုဇုန်၊မြေအကျယ်(2.033ကေ)၊ အဆောက်အအုံအကျယ်(40,000Sq-ft)အကျယ် ရှိသော မြေကွက်နှင့် အဆောက်အအုံ
9. ပဲခူးမြို့၊ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်၊ 0.9 ဧကအကျယ်ရှိသော မြေကွက်
10. ရန်ကုန်-ပဲခူးလမ်းအနီး၊ သာယာကုန်းကျေးရွာ၊ မြေအကျယ် (15ကေ) အကျယ်ရှိသောမြေကွက်
11. ပဲခူးစက်မှုဇုန်အတွင်းရှိ စက်ရုံအကျယ်(145,000 sq-ft)၊ မြေကေ(10ကေ) အကျယ်ရှိသော စက်ရုံ(၁)လုံး
12. ပဲခူးစက်မှုဇုန်အတွင်းရှိ စက်ရုံအကျယ်(80,000 sq-ft)၊ မြေကေ(10ကေ) အကျယ်ရှိသော စက်ရုံ(၁)လုံး
13. မင်္ဂလာဒုံမြို့နယ်၊ သီရိမြိုင်လမ်း၊ မြေအကျယ်(5ကေဝန်းကျင်)အကျယ်ရှိသောမြေကွက်

ဆက်သွယ်ရန် -
Phone-09-443202219/ 09-785504623
Viber only -09-5504623

အများသိစေရန်ကြေညာခြင်း

ကျွန်မ မအင်ကြင်းခိုင်(၁၂/လမန(နိုင်)၁၅၅၂၁၀) (ဘ)ဦးဝင်းမြင့် ၏ သမီးဖြစ်သူမှ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်မ အင်ကြင်းခိုင်၏ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ပြီး လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်ဖြစ်စေ Facebook / tiktok အစရှိသော လူမှုကွန်ရက်စာမျက်နှာများတွင် ကျွန်မ၏အမည်၊ ဓာတ်ပုံများဖော်ပြကာ မဟုတ်မမှန် ဖန်တီးရေးသားဖော်ပြနေကြောင်း သိရှိရသဖြင့် နောက်နောင်တွင် ထိုသို့ပြုလုပ်နေခြင်းများကို တားမြစ်ပါကြောင်း၊ တားမြစ်ချက်အားဖောက်ဖျက်၍ ထပ်မံကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအင်ကြင်းခိုင် ၁၂/လမန(နိုင်)၁၅၅၂၁၀

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်-၃၆/ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၈၈)၊ မြေဧရိယာ ၀ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၇၀/၁၉၉၂-၁၉၉၃ အရ ဦးဇူဇယ် အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူကိုယ်စား တရားရုံးဘီလစ်စာရေး ဦးဝင်းအောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၁၀/၂၀၂၆ ဖြင့် ဦးမောင်မောင်အေး ပါ(၂)ဦးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၈-၆-၂၀၂၂)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း/သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးမောင်မောင်အေး ၆/ထဝန(နိုင်) ၀၁၂၂၃၇၊ ဒေါ်သန်းလှ ၆/ကသန(နိုင်)၀၆၀၄၀၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်၃၀အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (UE-1/၁-တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်(-)၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၈၂၁) ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်တွင် ဒေါ်စန်းစန်းဇော် (၁၂/ဥကမ(နိုင်)၀၀၆၆၄၁) အမည်ပေါက် အလျားပေ (၄၀)၊ အနံပေ (၆၀)၊ ဧရိယာ(စတုရန်းပေ၂၄၀၀)၊ (၀.၀၅၅ဧက) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ၊ မီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဦးမောင်မောင်စိုးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဇင်လေးဖြူ (၁၀/မလမ(နိုင်)၂၃၇၄၀၅)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ဇင်လေးဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ဥမ္မာမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)
အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစန်းကိုကို ၏သမီး မြိတ်မြို့၊ အထက(၁)၊ Grade-4 မှ မရွှေအိမ်စိုး၏မွေးသက္ကရာဇ် အမှန်မှာ မွေးစာရင်းနှင့် အိမ်ထောင်စုစာရင်းအရ ၁၆-၁၁-၂၀၁၆ ဖြစ်ပါကြောင်း။

အမည်မှန်

ထားဝယ်မြို့၊ ကရပ်ပြင်တောင်ရပ်နေ ဦးမျိုးမြတ်သူ ၏ သမီး ဆရာမိုးဒီကိုယ်ပိုင်အထက်တန်းကျောင်း၊ ထားဝယ် Grade-3 မှ မသွန်းသွန်းအိမ်သူ၏ အမည်မှန်မှာ မသွန်းအိမ်သူ ဖြစ်ပါကြောင်း။ **မသွန်းအိမ်သူ**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 43W/79559 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/7622, Toyota Wish ANE-11,S/W(4X2) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ၁၃/ကမန(နိုင်)၀၁၄၆၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်မဲ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မန္တလေး)
မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာ ဘွဲ့သင်တန်းများအတွက်
သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့ နှင့် မဟာဗိသုကာဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
(င) သုတနည်းပညာ
(စ) စက်မှုဆီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ရေနံအင်ဂျင်နီယာ
(ဈ) သတ္တုထွေးဖေါ်ရေးအင်ဂျင်နီယာ
(ည) ဗိသုကာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသန ကျမ်းပြုသင်တန်း(၁)နှစ် စုစုပေါင်း(၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြို သင်တန်း(Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်း စစ်ဆေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

(က) လျှောက်ထားသူသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
